# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက်၊ စနေနေ့၊ (8-10-2022)၊ အတွဲ (၃၁)၊ အမှတ် (၁၆၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ၊ ပြည်တွင်းအားဖြင့် တည်ဆောက်ခြင်းသည် စိတ်အချရဆုံးဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးနှင့် မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းရပ်နှစ်ခုလုံးသည် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုအတွက် အဓိကကျသည့် လုပ်ငန်းရပ်များဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် အဓိကအားဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် မိမိတို့တာဝန်ယူပြီးနောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့စီးပွားတိုးတက်မှုများ တုံ့ဆိုင်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အနုတ်လက္ခဏာပြနေသည်ဟု ပြောကြားခဲ့ကြကြောင်း၊ နိုင်ငံစီးပွားရေးကျဆင်းသည်ဟု ဆိုသော်လည်း မိမိတို့နိုင်ငံအနေဖြင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၈ ရက်
အယ်ဒီတာ့အာဘော်

# ကြီးပွားတိုးတက်ရေးအတွက် ချွေတာသုံးစွဲ

ချွေတာခြင်းဟူသည် ငွေကြေးပစ္စည်း စသည်တို့ကို အကုန်အကျနည်းပါးအောင် အသုံးအစွဲကို ဆင်ခြင်ခြင်းဖြစ်သည်။ စနစ်တကျသုံးစွဲခြင်းဟူသည် လတ်တလောလိုအပ်ချက်နှင့် ရေရှည်လိုအပ်ချက်ကိုပိုင်းခြားကာ ဝယ်ယူသိမ်းပြီး အခြေအနေအချိန်အခါနှင့် လိုက်လျောစွာ ပိုင်းခြားသုံးစွဲခြင်းဖြစ်သည်။

ချွေတာစုဆောင်းသူဌေးလောင်းဟူသော ဆိုစကားရှိသည်။ မိမိဘဝကြီးပွားတိုးတက်လိုပါက စနစ်တကျချွေတာသုံးစွဲတတ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် ချွေတာခြင်းနှင့်မသုံးရက်၊ မစားရက်ဖြစ်ခြင်းမတူပေ။ အသက်ရှင်ရပ်တည်နိုင်မှုအတွက် အာဟာရပြည့်ဝအောင် စားတတ်၊ သောက်တတ်ရမည်။ ရာသီဥတုနှင့်မျှတအောင် ဝတ်ဆင်တတ်ရမည်။ ဆင်းရဲချို့တဲ့စွာပြုမူနေထိုင်ခြင်းကို ချွေတာသည်ဟု သတ်မှတ်၍မရပေ။

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီး ရင်ဆိုင်ကြုံတွေ့နေရသည်မှာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းဖြစ်သည်။ လူဦးရေတိုးတက်မှုနှင့်အတူ ကုန်ဈေးနှုန်းကြီးမြင့်မှုကို အစဉ်သဖြင့် ကြုံတွေ့နေရမည်သာဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုကြောင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေသည်။ မည်သို့ပင်ဖြစ်စေ မိမိ၏ဝင်ငွေ၊ ထွက်ငွေကို စနစ်တကျပိုင်းခြားသုံးစွဲနိုင်ပါက နေ့စဉ်ကြုံတွေ့နေရသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ငွေကုန်ကြေးကျများခြင်းကို အခက်အခဲမရှိ ကျော်လွှားနိုင်မည်ဖြစ်သည်။

ဥစ္စာဖြို စားဖိုက ဟူသောဆိုစကားရှိသည်။ မိသားစုတစ်စု၏ဝင်ငွေကို မီးဖိုချောင်က နေ့စဉ်ထုတ်ယူသုံးစွဲလျက်ရှိသည်။ မိမိတို့လူမျိုး၏စားသောက်မှုဓလေ့မှာ ဆီပြန်ဟင်းချက်ပြုတ်စားခြင်းနှင့် ဆီသုံးစွဲမှုများခြင်းဖြစ်သည်။ ဆီသုံးစွဲမှုကို အတတ်နိုင်ဆုံးလျှော့ချနိုင်ပါက ကျန်းမာရေးနှင့်ညီညွတ်သည့်အပြင် စားစရိတ်ကိုလည်း လျှော့ချနိုင်သည်။ ထို့ပြင် အစားအသောက်ကို ဗုံးပေါလအောချက်ခြင်းကြောင့် ပိုလျှံသည်များ စွန့်ပစ်ရခြင်းသည် ငွေကြေးကို စွန့်ပစ်ခြင်းနှင့်အတူတူပင်ဖြစ်သည်။

မြို့ခံချွေတာမှုပြုရာတွင် မိသားစုဝင်ငွေကို ဖြုန်းတီးသည့်အရာများကို လျှော့ချသုံးစွဲတတ်ရန်လိုအပ်သည်။ အများအားဖြင့် လျှပ်စစ်မီးချွေတာသုံးစွဲနိုင်မှုအလေ့အကျင့်ကောင်း အားနည်းခြင်းဖြစ်သည်။ မလိုအပ်ဘဲ လျှပ်စစ်မီးသီး၊ မီးချောင်း၊ ပန်ကာ၊ လေအေးပေးစက် စသည်တို့ကိုဖွင့်ထားပါက မီတာခကျသင့်ငွေမြင့်မားလာမည်ဖြစ်သည်။ ထို့ပြင် ဖုန်းသုံးစွဲမှုနှင့် အင်တာနက်သုံးစွဲမှုများပြားခြင်းကလည်း မိသားစုဝင်ငွေကို ထိခိုက်စေသည်။ အခြေအနေတစ်ရပ်အပေါ်မူတည်၍ အသုံးနှင့်အဖြုန်းကိုခွဲခြားကာ စနစ်တကျသုံးစွဲနေထိုင်သွားပါက မိသားစုကုန်ကျစရိတ်ကို အတတ်နိုင်ဆုံးလျှော့ချသွားနိုင်မည်ဖြစ်သည်။

မိမိကိုယ်ကိုကောင်းစွာစောင့်ရှောက်နိုင်ခြင်းသည် မိမိပတ်ဝန်းကျင်၊ မိမိနှင့်ဆက်နွယ်ရာ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်အပေါ်လည်း စောင့်ရှောက်ခြင်းဖြစ်သည်။ တစ်ယောက်မှအစ တစ်ရာဆိုသကဲ့သို့ တစ်ဦးတစ်ယောက်ချင်းစီက အပိုငွေကုန်ကျမှု၊ အလဟဿဖြုန်းတီးမှုကို လျှော့ချနိုင်ပါက လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်အတွက် လိုအပ်သောကောင်းရာကောင်းကျိုးများကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လက်ရှိကြုံတွေ့နေရသော ကုန်ဈေးနှုန်းကြီးမြင့်မှုကို တွေးတောလက်မှိုင်ချနေ၍မရပေ။ လူဦးရေတိုးပွားလာမှုကြောင့် နေရာချဲ့ထွင်လာမှုနှင့်အတူ စိုက်ပျိုးမြေလျော့ကျခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ကောက်ပဲသီးနှံပျက်စီးခြင်း၊ လောင်စာဆီသုံးစွဲမှုများပြား၍ လောင်စာဆီဈေးနှုန်းကြီးမြင့်ပြီး သယ်ယူစရိတ်မြင့်တက်လာခြင်း စသည့် အထွေထွေအကြောင်းကိစ္စများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို တွေ့ကြုံနေကြရမည်သာဖြစ်သည်။ မိမိ၏ဝင်ငွေနှင့်ထွက်ငွေ မျှတစေရန် သုံးစွဲခြင်းဖြင့် ထွက်ငွေလျှော့ချနိုင်ရန် မလိုအပ်သည့်အသုံးအစွဲတို့ကို လျှော့ချ၍ ငွေသုံးစွဲမှုကို စနစ်တကျစီမံခန့်ခွဲကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၄၇၉၆၄ ဧကစိုက်ပျိုးမည်



**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၄၇၉၆၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်တွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်း ဟူသည့် ဆီထွက်သီးနှံ ငါးမျိုးကို စိုက်ပျိုးသွားမည်ဖြစ်ပြီး နေကြာကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံများကို အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများကို မန္တလေးတိုင်းဒေသကြီးအတွင်း ဘဏ္ဍာနှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်မှာ ဆီထွက်သီးနှံ ၄၄၇၉၆၄ ဧက စိုက်ပျိုးသွားမှာပါ။ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်ရှိတဲ့အထဲမှာ ခရိုင် ၁၀ ခရိုင်မှာ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မြေပဲ ၁၂၆၁၉၈ ဧက၊ နေကြာ ၂၄၀၉၀၃ ဧက၊ နှမ်း ၇၃၀၉၅ ဧက၊ ပန်းနှမ်း ၆၃၂၉ ဧကနဲ့ ဆီမုန်ညင်း ၁၄၃၉ ဧက စုစုပေါင်း ၄၄၇၉၆၄ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တိုးတိုးဝင်းက ပြောပြသည်။

အဆိုပါဆီထွက်သီးနှံများကို မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ တံတားဦးခရိုင်၊ မြင်ဦးလွင်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ သပိတ်ကျင်းခရိုင်၊ အမရပူရခရိုင်၊ အောင်မြေသာစံခရိုင်တို့တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မိုးယံ(ဥက္ကလာ)**

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး အောက်တိုဘာ ၇**

အရောင်းအဝယ်အေးခဲ့သည့် အိမ်ခြံမြေဈေးကွက်သည် ယခုနှစ်အတွင်း အပြောင်းအလဲများဖြစ်ပေါ်လာနိုင်သည်ဟု အကျိုးဆောင်လုပ်ငန်းများက ခန့်မှန်းထားကြသော်လည်း ယနေ့အချိန်ထိ ထူးထူးခြားခြား ပြောင်းလဲလာခြင်း မရှိကြောင်း မန္တလေးအိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

မန္တလေးမြို့တွင်း အိမ်ခြံမြေဈေးနှုန်းများသည်လည်း ယခုနှစ်အတွင်း ခေါ်ဈေး၏ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ ဈေးလျှော့ရောင်းနေရကြောင်း သိရသည်။

"ဒီနှစ်ထဲမှာ အိမ်ခြံမြေဈေးကွက် ပြန်ကောင်းလာနိုင်တယ်လို့ မျှော်လင့်ထားကြပေမဲ့လဲ ထင်သလောက်ဖြစ်မလာသေးဘူး။ ဒါပေမဲ့လဲ အခုလပိုင်းထဲမှာတော့ ဈေးကွက်ထဲကို ရင်းနှီးမြှုပ်နှံမှုလုပ်မဲ့သူတွေလဲ ပြန်ဝင်လာတယ်လို့ ပြောရမှာပေါ့။ ရင်းနှီးမြှုပ်နှံမှုကြီးမားတဲ့ ဝယ်လက်မျိုးတွေတော့ မဟုတ်ဘူးပေါ့။ နောက် အရင်လတွေထက် ဒီလပိုင်းထဲမှာ မြို့တွင်းပိုင်း အိမ်ပါတဲ့ မြေတွေကို မေးမြန်းစုံစမ်းတာတွေ များလာတယ်။ တန်ဖိုးနည်းအကွက်ရိုက်မြေကွက်တွေကတော့ ဝယ်လိုအား အများဆုံးပေါ့"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးအေးဝင်းက ပြောပြသည်။

ခေါ်ဈေးအောက် ဈေးလျှော့ရောင်းနေရမှုတွင် ဈေးကွက်တောင်းဆိုမှုအရ စိတ်ဝင်စားမှုအမြင့်ဆုံး၊ ဈေးနှုန်းအသင့်အတင့်နှင့် လူနေထိုင်မှုများပြားလာသော မြို့သစ်ရပ်ကွက်များ၊ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ် အရှေ့ခြမ်းရပ်ကွက်များတွင် အများဆုံးဝယ်ယူကြကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင်များထံမှ သိရသည်။

ထို့ပြင် ဈေးကွက်အတွင်း၌ တန်ဖိုးနည်းအကွက်ရိုက်မြေကွက်များအပြင် တန်ဖိုးသင့်နေအိမ်ပါပြီး မြို့တွင်းပိုင်း မြေကွက်များလည်း မေးမြန်းဝယ်ယူမှု အနည်းငယ်ရှိလာကြောင်း၊ အကွက်ရိုက်မြေကွက်များမှာ မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းကြောင့် အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူနေကြကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် အမရပူရမြို့နယ်တွင်လည်း ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့် အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးအေးဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်တွင် ကြို့ကုတ်မြို့မှ ကြက်သွန်ဖြူအသစ်များ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိနေ

**မန္တလေး အောက်တိုဘာ ၇**

ကြို့ကုတ်မြို့မှ ထွက်ရှိသည့် ကြက်သွန်ဖြူအသစ်များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး တစ်ပိဿာလျှင်ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ကြို့ကုတ်ဘက်မှ ထွက်ရှိသည့် ကြက်သွန်ဖြူအသစ်များ မန္တလေးဈေးကွက်အတွင်း များစွာဝင်ရောက်လာခြင်းကြောင့် ကြို့ကုတ်ဘက်မှ ကြက်သွန်ဖြူအသစ်များ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုမန္တလေးဈေးကွက်ထဲမှာ ကြို့ကုတ်ဘက်ကထွက်တဲ့ ကြက်သွန်ဖြူအသစ်တွေကို ကုန်သည်တွေအနေနဲ့ အဝယ်များလာတယ်။ ရန်ကုန်နဲ့ တောင်ကြီးဘက်မှာလဲ တရုတ်ကြက်သွန်ဖြူတွေ ဈေးကောင်းပြန်ရနေပါတယ်။ အခုလတ်တလော ကြို့ကုတ်ကထွက်တဲ့ ကြက်သွန်ဖြူအသစ်တွေက မန္တလေးနဲ့ ရန်ကုန်ဘက်ကို အများဆုံးဝင်တာများတယ်။ နောက်ပိုင်း ကြက်သွန်ဖြူအသစ်တွေ လက်ကျန်နည်းလာရင်တော့ ဈေးနှုန်းက ဒီထက်ပိုပြီး ဈေးကောင်းရလာနိုင်ပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာ ၁ ရက်က ကြို့ကုတ်ဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူအသစ် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၆ ရက်တွင် ကြက်သွန်ဖြူအသစ် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အောင်လံမြို့နယ် ဆင်ချီတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူခုံကျေးရွာအုပ်စု ဆင်ချီတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေဇာသွယ်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ဆင်ချီတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဆင်ချီတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁၆ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေဇာသွယ်ထံမှ သိရသည်။

**ကိုလှိုင်**

# ကျောက်မဲမြို့နယ် ကောင်းအက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ကျောက်မဲ အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကောင်းအက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝတ်မှုန်ထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၆၀၆ သိန်းကို လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ကောင်းအက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ရန် စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၀၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုမြည်**

# Yangon Water Bus ခရီးစဉ် ပြေးဆွဲပေးနေပြီး ရန်ကုန်မြစ်အတွင်း ဆည်းဆာကြည့်ခရီးစဉ်နှင့် တွံတေးခရီးစဉ်များ ပြေးဆွဲပေးမည်




**ရန်ကုန် အောက်တိုဘာ ၇**

Yangon Water Bus ခရီးစဉ်ကို အောက်တိုဘာ ၆ ရက်မှစတင်ကာ တစ်ဦးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ပြေးဆွဲပေးနေပြီး ရန်ကုန်မြစ်အတွင်း ဆည်းဆာကြည့်ခရီးစဉ် (Sunset)နှင့် တွံတေးခရီးစဉ်များ ပြေးဆွဲပေးမည်ဖြစ်ကြောင်း Yangon Water Bus CEO ဦးလင်းဇော်ထံမှ သိရသည်။

နှစ်နှစ်ကျော်ရပ်နားထားသည့် Yangon Water Bus ခရီးစဉ်ကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းမှ စတင်ကာ နေ့စဉ် ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်မြစ်အတွင်း ဆည်းဆာကြည့်ခရီးစဉ် (Sunset) ကို အပတ်စဉ် သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့တို့တွင် ပြေးဆွဲပေးမည်ဖြစ်ကာ အဆိုပါခရီးစဉ်အတွက် လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ကလေးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်း သတ်မှတ်ထားကြောင်း၊ ထို့ပြင် တွံတေးခရီးစဉ်ကိုလည်း တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် စီးနင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

"အရင်ပြေးဆွဲခဲ့တဲ့ခရီးစဉ်တွေအပြင် အပန်းဖြေခရီးတိုလေးတွေလဲ ပြေးဆွဲပေးနေပြီဖြစ်ပါတယ်။ ရန်ကုန်မြစ်တွင်း ဆည်းဆာကြည့်ခရီးစဉ်ကတော့ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း လမ်းသစ်လမ်းဆိပ်ကမ်းကနေ ညနေ ၅ နာရီမှာ ထွက်ခွာမှာဖြစ်ပါတယ်။ တွံတေးခရီးစဉ်ကတော့ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း လမ်းသစ်လမ်းဆိပ်ကမ်းကနေ မနက် ၇ နာရီမှာ ထွက်ခွာပေးမှာဖြစ်ပါတယ်။ တွံတေးခရီးစဉ်ကတော့ တွံတေးမြို့မှာရှိတဲ့ ရွှေဆံတော်စေတီတော်၊ ဗောင်းတော်ချုပ်ဘုရားနဲ့ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်းတွေ ကြည့်ရှုနိုင်မှာဖြစ်ပြီး နေ့လယ်စာကျွေးမွေးမှာဖြစ်ပါတယ်။ ငွေပေးချေတာအတွက် KBZ Pay၊ CB Pay၊ WavePay တို့ အသုံးပြုနိုင်မှာဖြစ်ပါတယ်" ဟု ဦးလင်းဇော်က ပြောပြသည်။

Yangon Water Bus ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်မြို့၌ ပထမဆုံး စတင်ပြေးဆွဲခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၇ ရက်က အကြောင်းအမျိုးမျိုးကြောင့် ပြေးဆွဲမှုကို ရပ်နားထားခဲ့ခြင်းဖြစ်ကာ ယခုပြန်လည်ပြေးဆွဲသည့် Yangon Water Bus ခရီးစဉ်ကို ရေယာဉ်နှစ်စီးဖြင့် ဗိုလ်တထောင်၊ ပန်းဆိုးတန်း၊ လမ်းသစ်၊ ဆာပါချောင်နှင့် အုံကြီးဆိပ်ကမ်းမှပြေးဆွဲနေကြောင်း Yangon Water Bus CEO ဦးလင်းဇော်ထံမှ သိရသည်။

**ASH**

# မင်းလှမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**မင်းလှ အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမက သင်တန်းတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မင်းလှမြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဘောင်းဘီချုပ်နည်း၊ ရင်ဖုံးအင်္ကျီချုပ်နည်း၊ ရှပ်အင်္ကျီချုပ်နည်း စသည့်သင်ခန်းစာများကို သင်တန်းနည်းပြဆရာမက စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ နိုဝင်ဘာ ၅ ရက်ထိ တစ်လကြာ အခမဲ့သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး**

# မိုင်းဖြတ်မြို့နယ် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး


**မိုင်းဖြတ် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော Hero Family ကုမ္ပဏီ တာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုင်းဖြတ်မြို့နယ် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်း၊ ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၉၂ သန်းဖြင့် Hero Family ကုမ္ပဏီက စက်တင်ဘာလ တတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ စိုက်ဧက ၁၀၀၊ အိမ်ခြေ ၅၄ အိမ်၊ လူ ၃၁၆ ဦးကို အကျိုးပြုသွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**



# ပထဝီစီးပွားရေး၏ မူဝါဒနှင့် သဘောတရားများ

မင်းမင်း



နိုင်ငံခြားမူဝါဒရည်မှန်းချက်များကို ရရှိအောင် အထည်ဖော်နိုင်ရန်အတွက် ဖြစ်နိုင်ခြေရှိပြီး လိုက်လျောညီထွေရှိမည့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးမူဝါဒများကိုချမှတ်ရလေ့ရှိသည်။ သို့ဖြစ်၍ ပထဝီစီးပွားရေးမူဝါဒသည် အခြေခံအားဖြင့် ဘောင်ခတ်ထားခြင်းမရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ အချို့သောစီးပွားရေးမူဝါဒများသည် ပထဝီနိုင်ငံရေးရည်မှန်းချက်များ မပါဝင်စေကာမူ တစ်ခါတစ်ရံတွင် ရည်မှန်းချက်များကို အကောင်အထည်ဖော်မိသလို ဖြစ်နေတတ်သည်။ ဥပမာအားဖြင့် အမေရိကန်၏ ဒေါ်လာငွေကြေးစနစ်ဖြင့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို အဓိကထားလုပ်ဆောင်နေရာ အမေရိကန်၏ ပြည်တွင်းငွေကြေးမူဝါဒသည် ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်နိုင်သည်ဆိုသည့် သဘောတရားမျိုးပင်ဖြစ်သည်။

အမေရိကန်ဗဟိုဘဏ်သည် ပြည်တွင်းစီးပွားရေးမူဝါဒအပေါ်တွင်သာ အလေးထားလုပ်ဆောင်လေ့ရှိရာ ၎င်း၏လုပ်ဆောင်ချက်သည် ကမ္ဘာ့စီးပွားရေးအပေါ်ထိခိုက်မှုရှိမည်ပင်ဖြစ်သည်။ အဆိုပါရိုက်ခတ်မှု၏အကျိုးဆက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတည်ငြိမ်မှုကိုပျက်ပြားစေပြီး ပြည်တွင်းနိုင်ငံရေးမငြိမ်မသက်မှုများကိုလည်းဖြစ်ပေါ်စေသည်။ အခြားတစ်ဖက်မှ ပြန်လည်သုံးသပ်လျှင် အဆိုပါအချက်သည် ပထဝီနိုင်ငံရေးကိုအကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင်ဖြစ်သည်ဟု သုံးသပ်နိုင်သည်။ ကမ္ဘာ့ကုန်သွယ်မှုအပေါ် အမေရိကန်ဒေါ်လာ လွှမ်းမိုးထားခြင်းသည် အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှု ပမာဏနှင့် စီးပွားရေးခိုင်မာတောင့်တင်းမှုတစ်ခုတည်းကြောင့်သာမက ပထဝီနိုင်ငံရေးအရပါ လွှမ်းမိုးထားနိုင်ခြင်းကြောင့်ဖြစ်သည်။ ငွေကြေးမူဝါဒများမှတစ်ဆင့် ပထဝီနိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်သည်ထိ လုပ်ဆောင်မှုများရှိသောကြောင့် ပထဝီစီးပွားရေးအခြေခံအချက်များအပေါ် လွှမ်းမိုးထိန်းချုပ်ထားနိုင်ခြင်းဖြစ်သည်။

အမေရိကန်ဒေါ်လာသည် ကမ္ဘာ့ကုန်သွယ်မှုအပေါ် အရေးပါသည့် အနေအထားဖြင့် တည်ရှိနေခြင်းကြောင့် အမေရိကန်နိုင်ငံမှ အခြားနိုင်ငံများသို့ ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့ကန့်သတ်ထိန်းချုပ်မှုများ လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ အမေရိကန်နှင့် တရုတ်တို့သည် ပထဝီနိုင်ငံရေးရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ငွေလဲလှယ်မှုနှုန်းထားနှင့် ဘဏ္ဍာရေးမူဝါဒများကို လက်နက်တစ်ခုသဖွယ် အသုံးချနေကြခြင်းဖြစ်သည်။ ပထဝီစီးပွားရေးကို လက်နက်တစ်ခုသဖွယ် အဖန်တလဲလဲသိသိသာသာ အသုံးပြု၍မရပေ။ ၎င်းကိုအသုံးချ၍ ချနေမှန်းမသိအောင်ဆောင်ရွက်ရခြင်းသည် ပထဝီစီးပွားရေး၏ အဓိကအခြေခံအချက်ပင်ဖြစ်ပေသည်။ သို့ဖြစ်၍ နိုင်ငံခြားရေးမူဝါဒရည်မှန်းချက်များအတိုင်း တသွေမတိမ်းတိတိကျကျအကောင်အထည်ဖော်ရန် ခက်ခဲနေခြင်းဖြစ်သည်။ ထိုကဲ့သို့ ခက်ခဲရှုပ်ထွေးနေမှုကြောင့် အချို့နိုင်ငံများသည် နိုင်ငံတချို့အပေါ် စီးပွားရေးအရ ဖိအားပေးဆက်ဆံနေသော်လည်း သံတမန်နည်းလမ်းအရ နှစ်နိုင်ငံဆက်ဆံရေးကို မထိခိုက်စေဘဲ မိတ်ဝတ်မပျက်ဆက်ဆံနေနိုင်ခြင်းဖြစ်သည်။ ထို့ပြင် WTO နှင့် အခြားသောကုန်သွယ်ရေးအဖွဲ့အစည်းများ၏ ဝေဖန်ဆန်းစစ်ခြင်းနှင့် စွပ်စွဲအပြစ်တင်ခြင်းတို့မှလည်း လွတ်ကင်းနေခြင်းဖြစ်သည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံကို ပထဝီစီးပွားရေး လက်နက်တစ်ခုသဖွယ် အသုံးချနေသော်လည်း နှစ်နိုင်ငံဆက်ဆံရေးသည် မိတ်ဝတ်မပျက် ဆက်လက်တည်ရှိနေသည်။

စီးပွားရေးစစ်ပွဲကိုဆင်နွှဲရာ၌ တစ်ခါတစ်ရံတွင် စစ်ရေးပဋိပက္ခအဆင့်ထိ ရောက်ရှိသွားတတ်သည်။ စီးပွားရေးစစ်ပွဲဆင်နွှဲခြင်း၏ အကျိုးရလဒ်နှင့် လားရာတို့သည် အလုံးစုံစစ်ဆင်နွှဲခြင်း၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခုကဲ့သို့ဖြစ်ရာ ရလဒ်များကလည်း အဆုံးအဖြတ်တစ်ခုကိုပေးနိုင်သည့် အဆင့်ထိပင်ဖြစ်သည်။ စီးပွားရေးမူဝါဒများသည် နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် အခြားသောပဋိပက္ခများကိုဖြစ်ပွားစေနိုင်သည့်အချက်များဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပြီးသားဖြစ်သည်။ ၁၆ ရာစုနှင့် ၁၈ ရာစုအတွင်း ဥရောပတိုက်၌ ခေတ်စားခဲ့သည့် ကုန်သွယ်ရေးမူဝါဒများကြောင့် ကိုလိုနီနယ်မြေလုစစ်ပွဲများဖြစ်ပွားခဲ့ပြီး အကျိုးဆက်အဖြစ် ကမ္ဘာ့စစ်ကြီး နှစ်ကြိမ်တိုင်တိုင်ဖြစ်ပေါ်စေခဲ့သည်။ သို့ဖြစ်၍ အချို့သောအကြောင်းအရာများ၌ စီးပွားရေးရည်မှန်းချက်များကိုအခြားသောနည်းလမ်းဖြင့် ဆောင်ရွက်ရန်မတတ်နိုင်တော့သောအခါ စစ်ဆင်နွှဲခြင်းများ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း သမိုင်းကြောင်းကိုလေ့လာခြင်းဖြင့် သိရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် သင့်လျော်ထိရောက်သည့် စီးပွားရေးမူဝါဒများချမှတ်နိုင်ရေးမှာလည်း အလွန်ပင်အရေးကြီးလှပေသည်။ နိုင်ငံခြားဆက်ဆံရေးမူဝါဒတွင် ထိရောက်သည့် စီးပွားရေးကန့်သတ်ထိန်းချုပ်မှုများကို မည်ကဲ့သို့ချမှတ်ဆောင်ရွက်မည်နည်းဆိုသည့် မေးခွန်းသည် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံပညာလောက၌ ကာလရှည်ငြင်းခုံနေကြရသည့် ပုစ္ဆာတစ်ခုပင်ဖြစ်သည်။ စီးပွားရေးကန့်သတ်ထိန်းချုပ် ပိတ်ဆို့မှုများသည် တစ်ခါတစ်ရံတွင် ပစ်မှတ်နိုင်ငံ၏ လားရာအပေါ် ထိရောက်သည့် သက်ရောက်မှုများထွက်ပေါ်ခြင်းမရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ ထိုအခါကျယ်ပြန့်သည့် ပိတ်ဆို့ကန့်သတ်မှုများ ထပ်မံချမှတ်လာပြီး ပထဝီစီးပွားရေးအပေါ် အကောင်အထည်ဖော်ဆောင်ရွက်သည့်အဆင့်သို့ ရောက်ရှိသွားတတ်သည်။

အကျိုးထိရောက်မှုကောင်းနိုင်သည့် ပထဝီစီးပွားရေးမူဝါဒများချမှတ်နိုင်ရန်အတွက် မဟာဗျူဟာကျကျလေ့လာသုံးသပ်ထားသည့် ကိစ္စရပ်များအပြင် အခြားသောမူဝါဒများနှင့် မည်ကဲ့သို့ ချိတ်ဆက်အသုံးပြုမည်နည်းဆိုသည့် အချက်များကိုလည်း ထည့်သွင်းစဉ်းစားထားရန် လိုအပ်မည်ဖြစ်သည်။ ကုန်သွယ်ရေးမူဝါဒ၏ လက်နက်ကိရိယာများအဖြစ် အခွန်ကောက်ခံခြင်း၊ အချိုးကျစနစ်ဖြင့် ကုန်တင်ပို့၊ တင်သွင်းခွင့်ပြုခြင်း၊ ကုန်ပစ္စည်းများအပေါ် အစိုးရက စီးပွားရေးနှင့်ဘဏ္ဍာရေးအရ ပံ့ပိုးကူညီပေးခြင်း စသည်တို့သည် နိုင်ငံရေးရည်မှန်းချက်များအတွက် ပထဝီစီးပွားရေးကို အကျိုးရှိရှိ ထိရောက်စွာအသုံးချနေခြင်းပင်ဖြစ်သည်။ ကုန်သွယ်မှုပြုလုပ်ခြင်းဖြင့် အပြန်အလှန်အကျိုးသက်ရောက်မှုရှိသလို ပိတ်ဆို့ကန့်သတ်မှုများသည်လည်း နှစ်ဦးနှစ်ဖက်စလုံးကို ထိခိုက်မှုရှိစေမည်ဖြစ်သည်။

နိုင်ငံခြားရေးမူဝါဒများနှင့် လုံခြုံရေးမူဝါဒများကို ချမှတ်နိုင်ရန်အတွက် စဉ်းစားဆင်ခြင်ကြရာတွင် စီးပွားရေးအရ ဖြစ်နိုင်ခြေရှိသော ဆုံးရှုံးနစ်နာမှုများကိုလည်း ထည့်သွင်းမတွက်ချက်မိဘဲ ချန်လှပ်ထားခဲ့သည့်အဖြစ်မျိုးမဖြစ်ရန် လိုအပ်မည်ဖြစ်သည်။

**အရေးကြီးကုန်စည်နှင့် ပစ္စည်းများလုံခြုံရေး**

နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသည့် ကုန်စည်နှင့်ကုန်ပစ္စည်းများကို အခြားနိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူပုဂ္ဂိုလ်၊ အဖွဲ့၊ အစု၊ တစ်ဦးတို့မှ ထိန်းချုပ်ကန့်သတ်မှုများပြုလုပ်လာပါက အဆိုပါကုန်စည်၊ ကုန်ပစ္စည်းတို့နှင့်ပတ်သက်၍ လိုအပ်ချက်ရှိသောနိုင်ငံ၏ ပြည်တွင်းနှင့် နိုင်ငံခြားရေး မူဝါဒများအပေါ် ကြီးမားသည့် ရိုက်ခတ်မှုများဖြစ်ပေါ်စေတတ်သည်။ မိမိနိုင်ငံအတွက် အမှန်တကယ်လိုအပ်ပြီးမရှိမဖြစ်အရေးကြီးသည့် ကုန်စည်နှင့် ကုန်ပစ္စည်းများ လုံခြုံမှုရှိရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်တစ်ခုအဖြစ် ပေါ်ပေါက်လာသည်။ မိမိနိုင်ငံအတွက် အရေးပါသည့် သယံဇာတပစ္စည်းများနှင့်ပတ်သက်၍ အနှောင့်အယှက်ကင်းကင်းဖြင့် လုံခြုံစိတ်ချစွာ စဉ်ဆက်မပြတ်ရရှိနိုင်ရေးဆိုသည့်အာမခံချက်ကောင်းရရှိရန်လိုအပ်ပြီး အဆိုပါကွင်းဆက်ကို ထိန်းချုပ်ကန့်သတ်တားဆီးမှုများပြုလုပ်ခဲ့ပါက ၎င်းနှင့်ပတ်သက်သည့် ကုန်ပစ္စည်းဈေးကွက်ကို ထိခိုက်စေမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အရေးကြီး ကုန်စည်နှင့် ကုန်ပစ္စည်းများသည် ပထဝီစီးပွားရေးသဘောတရားအရ အသုံးချခံပစ္စည်းများဖြစ်သည်။

ယနေ့ခေတ် နိုင်ငံအများအပြားသည် ၎င်းတို့အတွက် အရေးကြီးသည့်ကုန်စည်နှင့် ကုန်ပစ္စည်းများ၏ပံ့ပိုးရေးကွင်းဆက် လုံခြုံမှုရရှိစေရေးနှင့် အဆိုပါကုန်စည်နှင့် ကုန်ပစ္စည်းများအရန်အဖြစ် အမြောက်အမြား သိုလှောင်ထိန်းသိမ်းထားရှိနိုင်ရေးအတွက် စဉ်းစားလာကြပြီဖြစ်သည်။ ပံ့ပိုးရေးကွင်းဆက်လုံခြုံစိတ်ချရမှုရှိရေးသည် ကိုဗစ်-၁၉ ရောဂါကာလနှင့် ကိုဗစ်-၁၉ ရောဂါလွန်ကာလတို့တွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်အသစ်တစ်ခုဖြစ်ပြီး ပြည်တွင်းစက်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် မူဝါဒအပေါ်ကြီးမားသည့် အကျိုးသက်ရောက်မှုကိုဖြစ်စေခဲ့သည်။ ထို့ပြင် ဖြစ်နေဆဲ၊ ဖြစ်မည့်ကိစ္စရပ်တစ်ခုပင်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကာလအတွင်းကုန်စည်နှင့် ကုန်ပစ္စည်းများ ပြတ်လပ်မှုသည် ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပေါ်ခဲ့ပြီး လိုအပ်ချက်များကြီးမားစွာဖြစ်ပေါ်ခဲ့ရာ ပံ့ပိုးမှုကွင်းဆက်စဉ်ဆက်မပြတ်ရရှိရေးကို အခက်အခဲဖြစ်စေခဲ့သည်။ ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်လမ်းကြောင်းတွင်လည်း ကုန်စည်ပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ရာ ဈေးနှုန်းကြီးမြင့်မှုများနှင့် ကြုံတွေ့လာရပါတော့သည်။

ကိုဗစ်-၁၉ ရောဂါကာလ အထောက်အထားများအရ ထုတ်လုပ်မှုများ လျော့နည်းကျဆင်းသွားခဲ့ရာ နိုင်ငံအများအပြားသည် ပြည်တွင်းစားသုံးမှုဖူလုံရေးကို အဓိကထားလုပ်ဆောင်လာကြသဖြင့် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံး ယိုင်နဲ့ခဲ့ရသည်။ ကုန်စည်များပြတ်လပ်မှုမရှိစေရေးအတွက် နိုင်ငံရေးမူဝါဒချမှတ်သူများသည် ကြိုတင်မြော်တွေးထားရမည်ဖြစ်သည်။ ပထဝီနိုင်ငံရေးမဟာဗျူဟာ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းနှင့် ကုန်စည်များကို စဉ်ဆက်မပြတ်ရရှိနေခြင်းဖြစ်ရာ ၎င်းကိုဆုလာဘ်အဖြစ် မှတ်ယူ၍မရပေ။ ထိုကဲ့သို့ မှတ်ယူနေမည်ဆိုပါက မူဝါဒချမှတ်သူများသည် ပထဝီနိုင်ငံရေးအမြင်မရှိခြင်းကြောင့်သာဖြစ်ပေသည်။ အပြန်အလှန်ကုန်သွယ်မှု၊ ဒေသတွင်းကုန်သွယ်မှုနှင့် နိုင်ငံတကာကုန်သွယ်မှုသဘောတူစာချုပ်များချုပ်ဆိုခြင်းသည် ကုန်သွယ်မှုမြှင့်တင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အရေးပါသကဲ့သို့ပင် ပထဝီစီးပွားရေးမူဝါဒ၏ အဓိကသော့ချက်များဖြစ်ကြသည်။ ကုန်သွယ်ရေးသဘောတူစာချုပ်များသည် ကုန်သွယ်မှုမှ သိသာထင်ရှားသည့် အကျိုးကျေးဇူးများရရှိ၍ စီးပွားရေးအခွင့်အလမ်းကောင်းများ ဖော်ထုတ်နိုင်ရေး ရည်မှန်းချက်များအပြင် နိုင်ငံအချင်းချင်းကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့် ကုန်သွယ်ရေးစစ်ပွဲများ ဖြစ်ပွားမှုမရှိအောင် တားဆီးထားခြင်းပင်ဖြစ်ပါသည်။

❖ ယနေ့ခေတ် နိုင်ငံအများအပြားသည် ၎င်းတို့အတွက် အရေးကြီးသည့်ကုန်စည်နှင့် ကုန်ပစ္စည်းများ၏ ပံ့ပိုးရေးကွင်းဆက် လုံခြုံမှုရရှိစေရေးနှင့် အဆိုပါကုန်စည်နှင့် ကုန်ပစ္စည်းများအရန်အဖြစ် အမြောက်အမြား သိုလှောင်ထိန်းသိမ်းထားရှိနိုင်ရေးအတွက် စဉ်းစားလာကြပြီဖြစ်သည်။ ပံ့ပိုးရေးကွင်းဆက်လုံခြုံစိတ်ချရမှုရှိရေးသည် ကိုဗစ်-၁၉ ရောဂါကာလနှင့် ကိုဗစ်-၁၉ ရောဂါလွန်ကာလတို့တွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်အသစ်တစ်ခုဖြစ်ပြီး ပြည်တွင်းစက်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် မူဝါဒအပေါ်ကြီးမားသည့် အကျိုးသက်ရောက်မှုကိုဖြစ်စေခဲ့သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ရောဝတီတိုင်းဒေသကြီးသို့ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေ ၅၂၃၀၀၀ ကျော် ဝင်ရောက်

**ပုသိမ် အောက်တိုဘာ ၇**

ရောဝတီတိုင်းဒေသကြီးသို့ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၅၂၃၀၀၀ ကျော်ဝင်ရောက်ခဲ့ကြောင်း ရောဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေတို့တွင် ခရီးသွားဝင်ရောက်မှုအများဆုံးဖြစ်ပြီး ဇန်နဝါရီလမှ စက်တင်ဘာလထိ ကိုးလတာကာလအတွင်း ငွေဆောင်ကမ်းခြေတွင် ခရီးသွားဦးရေ ၁၀၃၀၀၀ ကျော်နှင့် ချောင်းသာကမ်းခြေတွင် ခရီးသွားဦးရေ ၂၉၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း၊ ထို့ပြင် ပုသိမ်မြို့နယ်နှင့် အခြားမြို့နယ်များတွင်လည်း ခရီးသွားဦးရေ ၁၃၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ခရီးသွားဦးရေ ၅၂၃၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ရောဝတီတိုင်းဒေသကြီးကို လာလည်တဲ့ ခရီးသွားတွေထဲမှာ အများစုက ချောင်းသာနဲ့ ငွေဆောင်ကမ်းခြေကို လာကြတာများတယ်။ ပြီးခဲ့တဲ့ ကိုးလအတွင်းမှာ ချောင်းသာကိုလာလည်တဲ့ ခရီးသွားဦးရေက ၂၉၀၀၀၀ ကျော်ရှိတယ်။ ငွေဆောင်ကိုလာလည်တဲ့ ခရီးသွားဦးရေက ၁၀၃၀၀၀ ကျော်ရှိတယ်။ အခု သီတင်းကျွတ်အတွက်လဲ ချောင်းသာနဲ့ ငွေဆောင်မှာရှိတဲ့ ဟိုတယ်တွေ၊ တည်းခိုရိပ်သာတွေမှာ Booking တင်ထားကြတာ သုံးပုံ နှစ်ပုံလောက်ပြည့်နေပါပြီ"ဟု ရောဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်သူဦးက ပြောပြသည်။

ရောဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကမ်းခြေများသို့ လာရောက်လည်ပတ်သောခရီးသွားဧည့်သည်များ အန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာ ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်နေပြီး လိုင်စင်ရဟိုတယ်များနှင့် တည်းခိုခန်းများတွင်လည်း ကိုဗစ်စည်းကမ်းများနှင့်အညီ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လိုက်လံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယခုလက်ရှိ ရောဝတီတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာမှ လုပ်ငန်းလိုင်စင် ထုတ်ပေးထားသော ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၂၀ ရှိပြီး ငွေဆောင်ကမ်းခြေဒေသတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၅ လုံး၊ ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေဒေသတွင် ၃၉ လုံး၊ ပုသိမ်မြို့နယ်တွင် ၂၄ လုံးနှင့် အခြားသော မြောင်းမြ၊ ဟင်္သာတ၊ ဖျာပုံ စသည့်မြို့နယ်များတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၂၂ လုံးတို့ကို လုပ်ငန်းလိုင်စင်များ ချပေးထားကြောင်း သိရသည်။

**မိုးယံ(ဥက္ကလာ)**



# မိုင်းယန်းမြို့နယ် ရှဲကျင်ပုံလုံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းယန်း အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ရှဲကျင်ပုံလုံကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှဲကျင်ပုံလုံကျေးရွာတွင် အလျား ၃၅ ပေ၊ အနံ ၁၄ ပေ၊ အမြင့် သုံးပေရှိ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရှဲကျင်ပုံလုံကျေးရွာတွင် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ်သိန်း ၆၀ ဖြင့် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၈၅ အိမ်၊ လူ ၄၇၈ ဦး အတွက် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းက ပြောပြ၍ သိရသည်။

**ရှိုသန်းညွန့်**

# ဟေမန်ဆန်းစ သီတင်းကျွတ်လ

- ဟေမန်ဆန်းစ ချမ်းမြရာသီ
  နှင်းပုလဲပန်း ပွင့်လန်းခါတော်မီ
  ထက်ကောင်းကင်ဆီ ထိန်ကြည်အလင်း
  တိုင်းရှစ်ခွင်ဝယ် ငွေရည်ခြယ်
  ယှက်သွယ်ရောင်ဝါဝင်းသည်နှင့်လေး။

- ကြည်လင်သန့်ရှင်း ကန်မင်းနန္ဒာ
  ဖြူနီပြာလျှမ်း ပွင့်လန်းငါးမျိုးကြာ
  တူရာသီခါ ရွှန်းဖြာငွေလ
  အသဝနီ နက္ခတ်စီ
  ရောင်ခြည်ထွန်းပြိုင်လှသည်နှင့်လေး။

- ဝါတွင်းသုံးလ ဟောပြအဘိဓမ္မာ
  အမိကျေးဇူး ဆပ်ထူးမြတ်ဗုဒ္ဓါ
  နတ်သားမာတာ ဗြဟ္မာနတ်များ
  ဝတီသာပြည် ဟောနာသည်
  မှန်းရည်နိဗ္ဗာန်သွားသည်နှင့်လေး။

- ဓမ္မတရား ဟောကြားပြီးလျှင်
  လူ့ပြည်မြန်းကြွ ဗုဒ္ဓဘုရားရှင်
  မီးမြင်းမိုရ်သဘင် နွဲဆင်ကြိုကြ
  လပြည့်ညခါ ပန်းနံ့သာ
  စုံစွာပူဇော်ခသည်နှင့်လေး။

- စောင့်ထိန်းသီလ ဒါနစုံလင်
  ဗုဒ္ဓဘုရား ညွတ်တွားမြတ်ဂုဏ်အင်
  အနန္တဂိုဏ်းဝင် ဦးတင်ရိုကျိုး
  ကန်တော့ပူဇာ ကြည်သဒ္ဓါ
  ဆယ်ဖြာလက်မိုးရှိခိုးသည်နှင့်လေး။

- ကုသိုလ်ကောင်းကျိုး လှူမျိုးစုံသည်
  ပြောသံမစဲ ခြိမ့်သဲဘဝင်ဆီ
  ဗုဒ္ဓဂုဏ်ရည် ယုံကြည်စိတ်ထဲ
  မွန်မြတ်အလှူ ပေါင်းစုကူ
  နိဗ္ဗူရည်မှန်းမြဲကယ်နှင့်လေး။

- ဆင်နွှဲချိန်ခါ သီတင်းကျွတ်မှာ ဆီမီးထိန်ဝါဝင်းတော့သည်။
  ရင်ထဲအစဉ်သာ မြတ်ဗုဒ္ဓါ ဝှဲချီးဒေသနာလင်းတော့သည်။

**မောင်မင်းသိမ်း(သရက်)**



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်နှင့် တူရကီသမ္မတတို့ ဖုန်းခေါ်ဆိုဆွေးနွေး



**အင်ကာရာ အောက်တိုဘာ ၇**

ရုရှားသမ္မတပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့သည် ယနေ့တွင် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဖုန်းခေါ်ဆို ဆွေးနွေးပွဲတွင် သမ္မတ အာဒိုဂန်နှင့် သမ္မတပူတင်တို့သည် ရုရှား-တူရကီ နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရေး ဆွေးနွေးခဲ့ကြောင်း တူရကီသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ယူကရိန်းပြဿနာကို ငြိမ်းချမ်းစွာအဖြေရှာရေးအတွက် တူရကီနိုင်ငံအနေဖြင့် ဆန္ဒရှိကြောင်း ရုရှားသမ္မတပူတင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် တူရကီသမ္မတက ပြောကြားခဲ့သည်။

တူရကီနိုင်ငံသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ရုရှားနှင့် ဆက်ဆံရေးကောင်းမွန်သည့် နိုင်ငံဖြစ်သည်။

ထို့ပြင် တူရကီနိုင်ငံသည် ယူကရိန်းနိုင်ငံနှင့်လည်း ဆက်ဆံရေးကောင်းမွန်သောနိုင်ငံဖြစ်ရာ ယူကရိန်းစစ်ရေးပြဿနာ၌ တူရကီအစိုးရသည် ရုရှား၊ ယူကရိန်း နှစ်နိုင်ငံစလုံးနှင့် ဆက်ဆံရေးဟန်ချက်ထိန်းထားနိုင်ရန် ကြိုးပမ်းနေရသည်။

တူရကီနိုင်ငံသည် ရုရှားနိုင်ငံက ယူကရိန်းကို စစ်ရေးအရ တိုက်ခိုက်မှုကို ဝေဖန်ထားပြီး တစ်ဖက်တွင်လည်း အနောက်အုပ်စုဝင်နိုင်ငံများက ရုရှားအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်မှုကိုလည်း ဝေဖန်ခဲ့ကြောင်း သိရသည်။

KKO

## တောင်အာဖရိကသမ္မတဟောင်း ဂျက်ကော့ဘ်ဇူးမား အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်

**ဂျိုဟန်နက်စဘက် အောက်တိုဘာ ၇**

တရားရုံး မထီမဲ့မြင်ပြုမှုဖြင့် ပြစ်ဒဏ် ချမှတ်ခံထားရသည့် တောင်အာဖရိက သမ္မတဟောင်း ဂျက်ကော့ဘ်ဇူးမားသည် ပြစ်ဒဏ်ကာလကုန်ဆုံးခဲ့ပြီးနောက် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဂတိလိုက်စားမှုစုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်တစ်ရပ်၌ လူကိုယ်တိုင်ပါဝင်ပေးရန် တရားရုံး၏ဆင့်ခေါ်မှုကို လျစ်လျူရှုခဲ့ပြီးနောက် သမ္မတဟောင်း ဇူးမားသည် ပြီးခဲ့သည့်နှစ်အတွင်း ထောင်ဒဏ် ၁၅ လ ချမှတ်ခံခဲ့ရသည်။

ဇူးမားသည် ၎င်း၏ပြစ်ဒဏ်ကာလကိုစတင်ရေးအတွက် ၂၀၂၁ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကိုယ်တိုင်အဖမ်းခံခဲ့ရာ ၎င်းကိုထောက်ခံသူများက မကျေမနပ်ဖြင့် လမ်းပေါ်ရောက်လာမှုကြောင့် တောင်အာဖရိကနိုင်ငံတွင် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးအကြမ်းဖက်ဆန္ဒပြပွဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

လက်ရှိအချိန်တွင် သမ္မတဟောင်းဇူးမား၏ ပြစ်ဒဏ်ကာလပြီးဆုံးခဲ့ပြီဖြစ်ရာ ဇူးမားအနေဖြင့် လွတ်လပ်သူ တစ်ဦးအဖြစ်သို့ တရားဝင် ပြန်ရောက်လာပြီဖြစ်ကြောင်း ဂျက်ကော့ဘ်ဇူးမားဖောင်ဒေးရှင်းက သတင်းထုတ်ပြန်ထားသည်။

ဇူးမားသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ဆေးဝါးကုသရေးအတွက် ပြစ်ဒဏ်မှ ယာယီကင်းလွတ်ခွင့်ရရှိခဲ့သည်။

သို့ရာတွင် ၎င်းနှစ် ဒီဇင်ဘာလတွင် တောင်အာဖရိက တရားရုံးက ဇူးမားကို ခွင့်ပြုထားသော ပြစ်ဒဏ်ခံစားမှုမှ ယာယီကင်းလွတ်ခွင့်ကို ပြန်လည်ရုပ်သိမ်းခဲ့ရာ ၎င်းအနေဖြင့် ပြစ်ဒဏ်ကာလကို ဆက်လက်ခံစားခဲ့ရကြောင်း သိရသည်။

KKO

## မြောက်ကိုရီးယားစစ်လေယာဉ်များကို တုံ့ပြန်ရန် တိုက်လေယာဉ်အစင်း ၃၀ တောင်ကိုရီးယားစေလွှတ်

**ဆိုးလ် အောက်တိုဘာ ၇**



မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနှင့် ထိစပ်နေသော နယ်စပ်အနီးတစ်လျှောက်၌ အောက်တိုဘာ ၆ ရက်တွင် စစ်လေယာဉ်များ အုပ်ဖွဲ့ပျံသန်းခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

နယ်စပ်အနီးတစ်လျှောက်ပျံသန်းခဲ့သော မြောက်ကိုရီးယားစစ်လေယာဉ်များမှာ အရေအတွက်အားဖြင့် ၁၂ စင်းထိ ရှိရာ ထိုမျှလောက်များပြားသော စစ်လေယာဉ်များကို မြောက်ကိုရီးယားနိုင်ငံက ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများမြင့်တက်နေချိန်တွင် ပထမဆုံးအကြိမ် အသုံးပြုခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားစစ်လေယာဉ်များ နယ်စပ်တစ်လျှောက် ပျံသန်းလေ့ကျင့်မှုကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံကလည်း စစ်လေယာဉ် အစင်း ၃၀ ကို စေလွှတ်ခဲ့သည်။

မြောက်ကိုရီးယားစစ်လေယာဉ်များထဲတွင် ဗုံးကြဲလေယာဉ်လေးစင်းနှင့် တိုက်လေယာဉ်ရှစ်စင်းတို့ပါဝင်ပြီး ဗုံးကြဲတိုက်ခိုက်မှုများ လေ့ကျင့်ခဲ့ကြပုံရှိကြောင်း တောင်ကိုရီးယားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်အတွင်း မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ် ဒုံးကျည်စမ်းသပ်မှုအပါအဝင် ဒုံးကျည်စမ်းသပ်မှုခြောက်ကြိမ်ပြုလုပ်ခဲ့ရာ တောင်ကိုရီးယားကျွန်းဆွယ်အခြေအနေမှာ တင်းမာလျက်ရှိသည်။

မြောက်ကိုရီးယားစစ်လေယာဉ်များကို တုံ့ပြန်သည့်အနေဖြင့် တိုက်လေယာဉ်အစင်း ၃၀ နှင့် အခြားစစ်လေယာဉ်များ စေလွှတ်ခဲ့သော်လည်း နယ်စပ်ဝေဟင်၌မည်သည့်ပြဿနာမျှမရှိခဲ့ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားသည်။

KKO

## ရုရှား၊ ယူကရိန်းနှင့် ဘီလာရုစ် လူ့အခွင့်အရေးလှုပ်ရှားသူများ ငြိမ်းချမ်းရေးနိုဗယ်ဆု ပူးတွဲရရှိ




**အော့စလို အောက်တိုဘာ ၇**

၂၀၂၂ ခုနှစ်၏ ငြိမ်းချမ်းရေးနိုဗယ်ဆုကို ဘီလာရုစ်၊ ရုရှားနှင့် ယူကရိန်းတို့မှ လူ့အခွင့်အရေးလှုပ်ရှားသူများက ပူးတွဲရရှိခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ယခုနှစ်၏ ငြိမ်းချမ်းရေးနိုဗယ်ဆုကို ဘီလာရုစ်နိုင်ငံသား လူ့အခွင့်အရေးလှုပ်ရှားသူ အဲလက်စ်ဘီရာလီယက်စကီး၊ ရုရှားအခြေစိုက် မမ်မိုရီရယ်လ်လူ့အခွင့်အရေးအဖွဲ့နှင့် ယူကရိန်းအခြေစိုက် ပြည်သူ့လွတ်လပ်ခွင့်များ ဗဟိုဌာနအဖွဲ့များကို ချီးမြှင့်ရန်ဆုံးဖြတ်ခဲ့ကြောင်း ငြိမ်းချမ်းရေးနိုဗယ်ဆုရွေးချယ်ရေးကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်များသည် ရုရှား၊ ဘီလာရုစ်နှင့် ယူကရိန်းနိုင်ငံတို့ကြား ငြိမ်းချမ်းစွာယှဉ်တွဲရပ်တည်ရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတို့ အားကောင်းလာရေးတို့အတွက် ကြိုးစားခဲ့သူများ ဖြစ်ကြကြောင်း ငြိမ်းချမ်းရေးနိုဗယ်ဆု ရွေးချယ်ရေးကော်မတီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့ရာတွင် ယခုနှစ်ငြိမ်းချမ်းရေးနိုဗယ်ဆုရွေးချယ်မှုပုံစံသည် ရုရှားသမ္မတပူတင်ကို ရည်ညွှန်းသတိပေးသည့်အနေဖြင့် ပြုလုပ်ခဲ့သည့် ဆုရွေးချယ်မှုပုံစံမဟုတ်ကြောင်း ငြိမ်းချမ်းရေးနိုဗယ်ဆု ရွေးချယ်ရေးကော်မရှင်က ပြောကြားထားသည်။

မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်များကို ရွေးချယ်ရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန့်ကျင်ရွေးချယ်ခြင်းမဟုတ်ဘဲ ထိုက်တန်သူများကိုသာ ရွေးချယ်ခြင်းဖြစ်ကြောင်း ငြိမ်းချမ်းရေးနိုဗယ်ဆုရွေးချယ်ရေး ကော်မရှင်က ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်များကြေညာပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်များကို နော်ဝေနိုင်ငံ အော့စလိုမြို့တော်အခြေစိုက် နော်ဝေနိုဗယ်အင်စတီကျုက ရွေးချယ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ KKO

## အီသီယိုးပီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲများ ထောက်ပို့လုပ်ငန်းပြဿနာများကြောင့် ဆိုင်းငံ့ထားရ

**အဒစ်အဘာဘာ အောက်တိုဘာ ၇**



အီသီယိုးပီးယားနိုင်ငံမြောက်ပိုင်း တီဂရေးဒေသ၌ ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများအဆုံးသတ်ရေးအတွက် ယခုသီတင်းပတ်ကုန်တွင် ကျင်းပရန် အဆိုပြုထားသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှာ ထောက်ပို့လုပ်ငန်း ပြဿနာများကြောင့် ကျင်းပချိန်ဆိုင်းငံ့ထားရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နှစ်နှစ်ကြာ တီဂရေးဒေသ စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် ယခုသီတင်းပတ်ကုန်ပိုင်း၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပရေးအဆိုကို အာဖရိကသမဂ္ဂ(အေယူ)က အဆိုပြုထားခြင်းဖြစ်သည်။

တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် အဆိုပါဆွေးနွေးပွဲများတွင် ပါဝင်ရေးအတွက် အာဖရိကသမဂ္ဂ၏ ဖိတ်ကြားချက်ကိုလည်း အီသီယိုးပီးယားအစိုးရနှင့် ပြိုင်ဘက်တီဂရေးတပ်များကလည်း လက်ခံထားပြီးဖြစ်သည်။

သို့ရာတွင် ထောက်ပို့လုပ်ငန်းပြဿနာများကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပရေးအချိန်ကို ဆိုင်းငံ့ထားရပြီး ကျင်းပနိုင်မည့်နေ့ရက်ကို သတ်မှတ်ရခြင်းမရှိသေးကြောင်း အာဖရိကသမဂ္ဂသံတမန်သတင်းအရင်းအမြစ်များက ယနေ့တွင် ပြောကြားထားသည်။

အီသီယိုးပီးယား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆိုင်းငံ့ထားရမှုသတင်းနှင့်ပတ်သက်၍ အီသီယိုးပီးယားအစိုးရ၊ တီဂရေးတာဝန်ရှိသူများနှင့် အာဖရိကသမဂ္ဂတို့က တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

ဆွေးနွေးပွဲများဖြစ်မြောက်ခဲ့ပါက ၎င်းဆွေးနွေးပွဲများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနောက်ပိုင်း အီသီယိုးပီးယားနှင့် တီဂရေးတာဝန်ရှိသူများကြား ပထမဆုံးသော တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အာကာသယာဉ်မှူးလေးဦးလိုက်ပါသွားသော Crew Dragon အာကာသလူသယ်ယာဉ်ကို Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်



**ဝါရှင်တန် အောက်တိုဘာ ၇**

အာကာသ ယာဉ်မှူးလေးဦး လိုက်ပါသွားသည့် Crew Dragon အာကာသလူသယ်ယာဉ်ကို Space-X ကုမ္ပဏီက အောက်တိုဘာ ၅ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၆ ရက်က ရေးသား တင်ပြထားသည်။

Crew Dragon အာကာသလူသယ်ယာဉ်နှင့်အတူ အမေရိကန် အာကာသယာဉ်မှူး နစ်ကိုးမင်း၊ ဂျို့ရှ်ကတ်ဆာဒါ၊ ရုရှားအာကာသယာဉ်မှူး အန်နာကီကီနာနှင့် ဂျပန်အာကာသယာဉ်မှူး ကိုအီချိဝါကာတာတို့ လိုက်ပါသွားသည်။

အဆိုပါ အာကာသလူသယ်ယာဉ်ကို Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ရေးအတွက် ၂၉ နာရီကြာ ပျံသန်းရမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၂ မိနစ်အကြာတွင် Crew Dragon အာကာသလူသယ်ယာဉ်သည် ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့် ဒုံးယာဉ်မှ အောင်မြင်စွာ ခွာထွက်ခဲ့ပြီး နိုင်ငံတကာ အာကာသစခန်းသို့ ဆက်လက်ပျံသန်းသွားပြီဖြစ်ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)နှင့် ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် အဌမအကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်းသို့ အာကာသယာဉ်မှူးများ ပို့ဆောင်ရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

KKO


## တစ်စင်းနှင့်တစ်စင်း အလွန်နီးကပ်စွာလှည့်ပတ်နေသောကြယ်နှစ်စင်းကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် အောက်တိုဘာ ၇**

တစ်စင်းနှင့်တစ်စင်း အလွန်နီးကပ်စွာလှည့်ပတ်နေသည့် ကြယ်နှစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၆ ရက်က ရေးသား တင်ပြထားသည်။

အဆိုပါ ကြယ်နှစ်စင်း၏ပတ်လမ်းမှာ လွန်စွာတိုတောင်းသည်ဖြစ်ရာ တစ်စင်းနှင့်တစ်စင်း တစ်ပတ် ပတ်မိရန် ၅၁ မိနစ်သာ ကြာမြင့်ကြောင်း အမေရိကန်နိုင်ငံ မက်ဆာချူးဆက် နည်းပညာ တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

8TFJ1813+4251 ဟူ၍ အမည်ပေးထားသော အဆိုပါနှစ်စင်းတွဲကြယ်စနစ်တွင် တစ်စင်းနှင့် တစ်စင်းလှည့်ပတ်နေသည့် နေနှင့် အလားတူသော ကြယ်တစ်စင်းနှင့် ချုကလီးယားလောင်စာကုန် ကြယ်ဖြူတစ်စင်းတို့ ပါဝင်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် အဆိုပါ ကြယ်စနစ်အတွင်းရှိ ချုကလီးယားလောင်စာကုန် ကြယ်ဖြူသည် နေနှင့်ပုံစံတူကြယ်၏ ဟိုက်ဒရိုဂျင်လေထုလွှာကို ဝါးမျိုစားသုံးလျက်ရှိကြောင်း သိရသည်။

နောင်နှစ်သန်း ၇၀ ကြာမြင့်လျှင် အဆိုပါကြယ်နှစ်စင်းကြား တစ်စင်းနှင့်တစ်စင်း တစ်ပတ်ပတ်မိမည့်အချိန်သည် ၁၈ မိနစ်ထိ ကျဆင်းလာမည်ဖြစ်ပြီးနောက် တစ်စင်းနှင့်တစ်စင်း ပြန်ခွာထွက်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

8TFJ 1813+4251 ကြယ်စနစ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၃၀၀၀ ခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။ KKO

## ကမ္ဘာဂြိုဟ်နှင့်အခြားဂြိုဟ်ငယ်တစ်စင်း ဝင်တိုက်ပြီးလျှင်ပြီးချင်း ကမ္ဘာဂြိုဟ်အနီးပတ်လမ်းပေါ်၌ ဂြိုဟ်ရံလပေါ်လာခြင်းဖြစ်

**လန်ဒန် အောက်တိုဘာ ၇**

ကမ္ဘာဂြိုဟ်နှင့်အခြားဂြိုဟ်ငယ်တစ်စင်း ဝင်တိုက်ပြီးလျှင်ပြီးချင်း ကမ္ဘာဂြိုဟ် အနီးပတ်လမ်းပေါ်၌ ဂြိုဟ်ရံလ ပေါ်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၆ ရက်က ရေးသား တင်ပြထားသည်။

ရှေးယခင်ကမူ ကမ္ဘာဂြိုဟ်နှင့် သီအာအမည်ရှိ အခြားဂြိုဟ်ငယ်တစ်စင်း ဝင်တိုက်ခဲ့ပြီးနောက် ကျောက်သားအစအနများနှင့် ဖုန်မှုန့်ချပ်ဝန်းလွှာတစ်ခု ပေါ်ထွက်လာပြီးနောက်ပိုင်းမှသာ တစ်ဖြည်းဖြည်းဖြင့် ဂြိုဟ်ရံလအဖြစ် စုစည်းဖြစ်ပေါ်လာခြင်းဖြစ်နိုင်ကြောင်း ယူဆထားခဲ့ကြသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ဒါဟမ်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဂြိုဟ်ရံလသည် ကမ္ဘာနှင့်သီအာဂြိုဟ်တို့ ဝင်တိုက်ပြီးပြီးချင်းမှာပင် ကမ္ဘာဂြိုဟ်ပတ်လမ်းပေါ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်နိုင်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ် အရွယ်အစားတမျှရှိသည့် သီအာဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့်က ဝင်တိုက်ခဲ့ဖြစ်ကြောင်း သိရသည်။

ဗြိတိန် သိပ္ပံပညာရှင်များသည် ကမ္ဘာဂြိုဟ်နှင့် သီအာဂြိုဟ်တို့ ဝင်တိုက်မှုပုံစံကို ကွန်ပျူတာစံပြုပုံစံ အမျိုးမျိုးဖြင့် လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သီအာဂြိုဟ်နှင့် ဝင်တိုက်ပြီးနောက် ကမ္ဘာဂြိုဟ်အနီး လျှင်မြန်စွာ ပေါ်ထွက်လာသော အာကာသဒြပ်ထုများသည် ကမ္ဘာဂြိုဟ်နှင့် ဒြပ်ဆွဲအား အပြန်အလှန် သက်ရောက်မှုကြောင့် ပြိုကွဲသွားနိုင်သော်လည်း ဂြိုဟ်ရံလအနေဖြင့် အဆိုပါအခြေအနေမှ လွတ်မြောက်ခဲ့ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

KKO

# HEALTH

## သက်လတ်ပိုင်းအရွယ်၌ အိုမီဂါ-၃ လုံလောက်စွာ စားသုံးသူများတွင် စဉ်းစားဆင်ခြင်နိုင်စွမ်းမြင့်မားနိုင်

**နယူးယောက် အောက်တိုဘာ ၇**

သက်လတ်ပိုင်းအရွယ်၌ ဆယ်လ်မွန်နှင့်ဆာဒင်ငါးကဲ့သို့ အိုမီဂါ-၃ ဖက်တီးအက်စစ် ကြွယ်ဝသည့် အစားအစာစားသုံးသူများတွင် စဉ်းစားဆင်ခြင်နိုင်စွမ်း မြင့်မားလာပြီး ဦးနှောက်ဖွဲ့စည်းတည်ဆောက်ပုံပို၍ ကောင်းမွန်လာနိုင်ဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၆ ရက်က ရေးသား တင်ပြထားသည်။

အစားအစာရွေးချယ်စားသုံးမှုပုံစံသည် ဦးနှောက်ကျန်းမာရေးကို ဖြည့်တင်းရေးအတွက် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းအရွယ်တွင် အိုမီဂါ-၃ ဖက်တီးအက်စစ်ကို တော်ရုံသင့်ရုံ စားသုံးလျှင်ပင် ဦးနှောက်ကျန်းမာရေးကို ထိန်းပေးထားနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များသည် ပျမ်းမျှအသက် ၄၆ နှစ်ရှိ သက်လတ်ပိုင်းအရွယ် ၂၀၀၀ ကျော်တို့၏ အိုမီဂါ-၃ ဖက်တီးအက်စစ်စားသုံးမှုပမာဏကို တိုင်းတာလေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အိုမီဂါ-၃ ဖက်တီးအက်စစ်ကို အလုံအလောက် စားသူများသည် မစားသူများထက် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ပိုမြင့်မားနေတတ်ပြီး ဟစ်ပိုကမ်းပတ်စ်(Hippocampus) ခေါ် မှတ်ဉာဏ်အတွက် အရေးကြီးသည့် ဦးနှောက်နယ်မြေလည်း အရွယ်အစားပိုကြီးလာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## မျက်လုံးအတွင်းပိုင်း စမ်းသပ်မှုပုံစံတစ်မျိုးက နှလုံးကျန်းမာရေးပြဿနာများ ရှိ၊ မရှိ ခန့်မှန်းပေးနိုင်

**လန်ဒန် အောက်တိုဘာ ၇**

မျက်လုံးအတွင်းပိုင်းကို စစ်ဆေးစမ်းသပ်မှုပုံစံ တစ်မျိုးဖြင့် နှလုံးကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေ ရှိ၊ မရှိကို ခန့်မှန်းပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၆ ရက်က ရေးသား တင်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် နှလုံးကျန်းမာရေးပြဿနာများ၏ ရှေ့ပြေးလက္ခဏာများကို ထောက်လှမ်းပေးနိုင်သည့် အသိဉာဏ်တုနည်းပညာ ဆော့ဖ်ဝဲလ်တစ်မျိုးကို ဖန်တီးထားကြောင်း သိရသည်။


အဆိုပါ အသိဉာဏ်တု နည်းပညာဆော့ဖ်ဝဲလ်သည် မျက်လုံးနောက်ဘက်ရှိ သွေးကြောမျှင်များနှင့်သွေးကြောမများ၏ အထူအပါးကိုတိုင်းတာခြင်းဖြင့် နှလုံးကျန်းမာရေးပြဿနာများ၏ ရှေ့ပြေးလက္ခဏာများကို ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မျက်လုံးနောက်ဘက် သွေးကြောမျှင်များနှင့် သွေးကြောမများ၏ အထူအပါးသည် နှလုံးကျန်းမာရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ယုံကြည်ထားသည်။

လက်တွေ့စမ်းသပ်မှု ရလဒ်များအရ မျက်လုံးစစ်ဆေးမှု အသိဉာဏ်တုနည်းပညာ ဆော့ဖ်ဝဲလ်သည် နှလုံးကျန်းမာရေး ပြဿနာများကြောင့် အသက်ဆုံးရှုံးနိုင်ခြေ ရှိ၊ မရှိကို အနီးစပ်ဆုံးတိကျစွာခန့်မှန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆေးပညာရှင်များသည် နှလုံးကျန်းမာရေးပြဿနာရှေ့ပြေးလက္ခဏာများကို ရှာဖွေရာတွင် သွေးစစ်ဆေးမှုနည်းလမ်းများကိုသာ အားပြုနေရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

ML

**အာဆင်နယ် Vs လီဗာပူး**

**ကစားမည့်ရက်/အချိန် ၉-၁၀-၂၀၂၂ (ည ၁၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အာဆင်နယ် ၀ – ၂ လီဗာပူး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အာဆင်နယ်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |
| **လီဗာပူး** | – | **အိမ်(နိုင်)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |

အာဆင်နယ်အသင်းဟာ အသင်းလိုက်ကစားအားကောင်းနေသလို ပွဲတိုင်းဂိုးသွင်းယူနိုင်တာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရဖို့ ပြင်ဆင်လာမှာပါ။ လီဗာပူးအသင်းကတော့ ခြေစွမ်းပိုင်းကျဆင်းနေတဲ့အပြင် ဒဏ်ရာရကစားသမားများနေတာကြောင့် အာဆင်နယ်တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မလွယ်တာကြောင့် အာဆင်နယ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အာဆင်နယ် ၂ – ၁ လီဗာပူး**

### အီတလီစီးရီးအေ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်များ

ML

**တိုရီနို Vs အမ်ပိုလီ**

**ကစားမည့်ရက်/အချိန် ၉-၁၀-၂၀၂၂ (ညနေ ၀၅း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အမ်ပိုလီ ၁ – ၃ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **တိုရီနို** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **အမ်ပိုလီ** | – | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |

တိုရီနိုအသင်းဟာ အိမ်ကွင်းကစားအားကောင်းတာကြောင့် အခုပွဲစဉ်ကို အနိုင်ရဖို့ကြိုးစားရမှာပါ။ အမ်ပိုလီအသင်းကတော့ ခြေရည်တူအသင်းတွေဆို ပြန်လည်ဖိအားပေးနိုင်ပေမဲ့ အခုပွဲစဉ်မှာ ဒဏ်ရာရကစားသမားများနေတာကြောင့် ကစားအားကျဆင်းသွားနိုင်ပါတယ်။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာရမဲ့ တိုရီနိုကိုအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – တိုရီနို ၁ – ၀ အမ်ပိုလီ**

**ခရီမိုနန်စီ Vs နာပိုလီ**

**ကစားမည့်ရက်/အချိန် ၉-၁၀-၂၀၂၂ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နာပိုလီ ၃ – ၃ ခရီမိုနန်စီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ခရီမိုနန်စီ** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(သရေ)** |
| **နာပိုလီ** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

ခရီမိုနန်စီအသင်းဟာ ခံစစ်ကစားပုံကောင်းတယ်ဆိုပေမဲ့ အသင်းကြီးတွေနဲ့ဆို ပေးဂိုးတွေများနေပါတယ်။ လက်ရှိ နာပိုလီအသင်းကတော့ တိုက်စစ်ပိုင်းအကောင်းဆုံးဖြစ်နေသလို စီးရီးအေရဲ့ ဂိုးသွင်းအများဆုံးအသင်းအဖြစ်ရပ်တည်နေပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှုသာလွန်ပြီး တိုက်စစ်ထက်မြက်တဲ့ နာပိုလီအသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ခရီမိုနန်စီ ၁ – ၃ နာပိုလီ**

## အားကစားသတင်း အတိုအထွာများ

- အာဂျင်တီးနား အမှတ်ပေးပြိုင်ပွဲဖြစ်သည့် ဘိုကာဂျူနီယာအသင်းနှင့် ဂျိမ်နာစီယာအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ပရိသတ်များအချင်းများမှုကို ဖျန်ဖြေရန် လုံခြုံရေးရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးဖြင့် ပစ်ပေါက်ခဲ့သည့်ဖြစ်စဉ်တွင် ပရိသတ်တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ခံစစ်ကစားသမားကာဗာဂျယ်၏ နေရာတွင်အစားထိုးရန်အတွက် ချဲလ်ဆီးအသင်းကစားသမား ရီစီဂျိမ်းကို ခေါ်ယူသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ချဲလ်ဆီးအသင်းနှင့် သက်တမ်းတိုးရန် အဆင်မပြေမှုကြောင့် လန်ဒန်တွင်ဆက်လက်နေထိုင်လိုသည့် ကန်တီကို အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့က အပြိုင်ကမ်းလှမ်းနေကြောင်း သိရသည်။ ML

# ပရိသတ်များ မီးရှူးမီးပန်းများဖြင့်ပစ်ပေါက်မှုကြောင့် မယ်မိုအသင်းနှင့် ယူနီယံဘာလင်အသင်းတို့၏ ပွဲစဉ်ကို မိနစ် ၂၀ ခန့် ရပ်နားခဲ့ရ

**တော့ဟုမ်း အောက်တိုဘာ ၇**

ယူရိုပါလိဂ်အုပ်စုပွဲစဉ်အဖြစ် ဆွီဒင်ကလပ် မယ်မိုအသင်းနှင့် ဂျာမန်ကလပ် ယူနီယံဘာလင်အသင်းတို့ပွဲစဉ်တွင် နှစ်ဖက်အသင်းပရိသတ်များ ကွင်းအတွင်း မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့မှုကြောင့် ပွဲကစားချိန် မိနစ် ၂၀ ခန့် ရပ်နားခဲ့ရကြောင်း Reuters.com က ယနေ့တွင် ဖော်ပြခဲ့သည်။



© EPA

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့သော်လည်း အိမ်ရှင်မယ်မိုအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးနိုင်ခဲ့ရာ ပထမပိုင်းပြီးဆုံးခါနီးတွင် ယူနီယံဘာလင် ကွင်းလယ်ကစားသမား ရှာဖာ တိုက်ရိုက်အနီကတ်ဖြင့်ထုတ်ပယ်ခံခဲ့ရပြီးနောက် ယူနီယံဘာလင်အသင်းပရိတ်များက ကွင်းအတွင်း မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ရာ အိမ်ရှင် ပရိသတ်များကလည်း မီးကျည်များဖြင့်ပြန်လည်ပစ်ပေါက်ခဲ့မှုကြောင့် ဒုတိယပိုင်း ပြန်လည်စတင်ရန် ပွဲကစားချိန် မိနစ် ၂၀ ခန့် ရပ်နားခဲ့ရသည်။

ထို့နောက် ပြိုင်ပွဲကို ပြန်လည်စတင်ခဲ့ချိန်တွင် ယူနီယံဘာလင်အသင်းက တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသော်လည်း တန်ပြန်တိုက်စစ်မှတစ်ဆင့် ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ၆၈ မိနစ်တွင် တိုက်စစ်မှူး ဘက်ခ်ကာက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ယူအီးအက်ဖ်အေအဖွဲ့ချုပ်က ၎င်းဖြစ်စဉ်ကို မတော်တဆ ဖြစ်စဉ်တစ်ခုသာ သတ်မှတ်ထားသော်လည်း လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ML

# Astana Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ မျက်ဒဗျက်နှင့် ဂျိုကိုဗစ်တို့ တက်ရောက်

**အာမာတီ အောက်တိုဘာ ၇**

ကာဇက်စတန်နိုင်ငံတွင် ကျင်းပနေသည့် Astana Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ဖင်လန် တင်းနစ်ကစားသမားရူဆူဗူအိုရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရူဆူဗူအိုရီ အနေဖြင့် မျက်ဒဗျက်ကို အနိုင်ရရှိရေးအတွက် အကောင်းဆုံးကြိုးစားခဲ့သော်လည်း မျက်ဒဗျက်က အမှားအယွင်း အနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့ပြီး ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့သော်လည်း ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား ဘောက်တစ္စတာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် မျက်ဒဗျက်အတွက် ခက်ခဲသည့်ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်သည်။

မျက်ဒဗျက်က "ကွာတားဖိုင်နယ်အဆင့်မှာ ဘောက်တစ္စတာနဲ့တွေ့ဆုံခွင့်ရတာ ဝမ်းသာဂုဏ်ယူသလို ခက်ခဲမဲ့ပွဲစဉ်တစ်ပွဲကို ကျော်ဖြတ်နိုင်ဖို့ ဖိအားလဲရှိနေတယ်။ ဘောက်တစ္စတာကို ကျော်ဖြတ်နိုင်ဖို့အတွက် ကျွန်တော်တတ်နိုင်သလောက် အကောင်းဆုံးကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့အဆင့်(၁)တင်းနစ်ကစားသမားဟောင်း ဂျိုကိုဗစ်သည် ဒုတိယအဆင့်တွင် နယ်သာလန်တင်းနစ်ကစားသမား ဗန်ဒီဇန်ရှုလုပ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၆-၃၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမားဖြစ်သည့် ကာချန်နိုဖ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ AZL



# အောက်တိုဘာလအတွက် အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့် (၁၅၈)နေရာ၌ ရပ်တည်

**ရန်ကုန် အောက်တိုဘာ ၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လက်ရွေးစင်အသင်း အသီးသီးအတွက် အောက်တိုဘာလ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာ့လက်ရွေးစင် အသင်းအနေဖြင့် အဆင့် (၁၅၈) နေရာတွင် ဆက်လက် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် စက်တင်ဘာလက ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင်လည်း ရမှတ် ၁၀၀၈ မှတ်ဖြင့် အဆင့် ၁၅၈ နေရာတွင် ရပ်တည်ခဲ့ပြီး အောက်တိုဘာလတွင်လည်း အပြောင်းအလဲမရှိဘဲ ဆက်လက် ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များ အရ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် (၉၉)ဖြင့် အာဆီယံအဆင့် (၁)နေရာတွင် ဆက်လက်ရပ်တည်ခဲ့ပြီး ထိုင်းအသင်းက ကမ္ဘာ့အဆင့် (၁၁၁)ဖြင့် အာဆီယံအဆင့်(၂)၊ ဖိလစ်ပိုင်အသင်းကကမ္ဘာ့အဆင့် (၁၃၃)ဖြင့် အာဆီယံအဆင့်(၃)၊ မလေးရှားအသင်းကကမ္ဘာ့အဆင့် (၁၄၆)ဖြင့် အာဆီယံအဆင့်(၄)၊ အင်ဒိုနီးရှားအသင်းကကမ္ဘာ့အဆင့် (၁၅၂)ဖြင့် အာဆီယံအဆင့်(၅)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့် (၁၅၈)ဖြင့် အာဆီယံအဆင့်(၆)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့် (၁၆၀)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၇၇)ဖြင့် အာဆီယံအဆင့် (၈)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၈၇)ဖြင့် အာဆီယံအဆင့် (၉)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၉၀)ဖြင့် အာဆီယံအဆင့် (၁၀)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၁၉၈)ဖြင့် အာဆီယံ အဆင့်(၁၁) နေရာတွင်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ STA

# ဆီဗီလာအသင်းက လစ်လပ်နေသည့်နည်းပြနေရာတွင် နည်းပြဟောင်း ဆမ်ပါအိုလီကို ခန့်အပ်



**မက်ဒရစ် အောက်တိုဘာ ၇**

ဆီဗီလာအသင်းက နည်းပြ လိုပက်တီဂွကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြနေရာတွင် နည်းပြဟောင်း ဆမ်ပါအိုလီကို ခန့်အပ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း The Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ လိုပက်တီဂွသည် ဆီဗီလာအသင်းကို ၂၀၁၉ ခုနှစ်က စတင် တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ယူရိုပါလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်းသမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော ရာသီအစနှင့် ရလဒ်ဆိုးများ ကြုံတွေ့ခဲ့ရပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ဒေါ့မွန်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

အသက် ၆၂နှစ်ရှိ ဆမ်ပါအိုလီသည် ဆီဗီလာအသင်းကို ပထမတစ်ကြိမ်အဖြစ် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ နှစ်ရာသီကြာ တာဝန်ယူကိုင်တွယ်ခဲ့ဖူးသူဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် အာဂျင်တီးနားအသင်းနည်းပြ တာဝန်ယူရန်အတွက် အသင်းမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆမ်ပါအိုလီသည် အာဂျင်တီးနား အသင်းအပြင် ဘရာဇီးကလပ် အသင်းများဖြစ်သည့် ဆန်းတို့အသင်း၊ အဲသလက်တီကိုအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် မတ်လက မာဆေးအသင်းတို့ကို တာဝန်ယူ ကိုင်တွယ်ခဲ့သော်လည်း အသင်းမှ တာဝန်ရှိသူများနှင့် ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ပြီးနောက် ပြီးခဲ့သည့် မတ်လတွင် မာဆေးအသင်းနှင့် လမ်းခွဲခဲ့ကာ ကလပ်အသင်းလက်မဲ့ဖြစ်နေခဲ့ရာမှ ဆီဗီလာအသင်းနည်းပြအဖြစ် ပြန်လည်ခန့်အပ်ခဲ့ကြောင်း သိရသည်။ STA

# ကာတာကမ္ဘာ့ဖလားပြိုင်ပွဲသည် နိုင်ငံအသင်းနှင့်ကစားသည့် နောက်ဆုံးပြိုင်ပွဲဖြစ်သည်ဟု တိုက်စစ်မှူးမက်ဆီ အတည်ပြုပြောကြား

**ဗျူနိုအေရိစ် အောက်တိုဘာ ၇**

လာမည့်နိုဝင်ဘာလတွင် ကျင်းပမည့် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲသည် အာဂျင်တီးနားအသင်းတွင် ပါဝင်ကစားသည့် နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်မည်ဟု တိုက်စစ်မှူး မက်ဆီက အတည်ပြုပြောကြားခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၅ နှစ်ရှိ တိုက်စစ်မှူး မက်ဆီသည် ၂၀၀၅ ခုနှစ်မှ စတင်က အာဂျင်တီးနားအသင်းအတွက် ပါဝင်ကစားခဲ့ပြီး ယခုကမ္ဘာ့ဖလားပြိုင်ပွဲသည် ၎င်းအတွက် ငါးကြိမ်မြောက် ပါဝင်ကစားသည့် ပြိုင်ပွဲဖြစ်သော်လည်း အဆိုပါပြိုင်ပွဲသည် အာဂျင်တီးနားအသင်းနှင့် ပါဝင်ကစားသည့် နောက်ဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး မက်ဆီက"ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပွဲစဉ်အားလုံးဟာ ခက်ခဲမှုရှိတာကြောင့် ဘာမဆိုဖြစ်သွားနိုင်ပါတယ်။ ဖလားရဖို့ ရေပန်းစားနေတဲ့ အသင်းတွေ အနေနဲ့လဲ ရလဒ်ကောင်းနဲ့ အဆုံးမသတ်နိုင်ပါဘူး။ လက်ရှိမှာတော့ ဘယ်အသင်းက ဆုဖလားရဖို့ ရေပန်းစားနေလဲဆိုတာ မသိပါဘူး။ ဒါပေမဲ့ သမိုင်းကြောင်းကောင်းတဲ့ အာဂျင်တီးနား အသင်းကတော့ ထိပ်ဆုံးအသင်းတွေမှာ အမြဲတမ်းပါဝင်နေတာ ဖြစ်ပါတယ်။ ကျွန်တော့်အတွက်ကတော့ အခုပြိုင်ပွဲဟာ စိတ်လှုပ်ရှားစရာ အရမ်းကောင်းနေပါတယ်။ ဘာလို့လဲဆိုတော့ ဒီပြိုင်ပွဲဟာ အာဂျင်တီးနားအသင်းအတွက် ပါဝင်ကစားတာ



နောက်ဆုံးပြိုင်ပွဲဖြစ်လို့ပါ"ဟု Star Plus မီဒီယာနှင့် အင်တာဗျူးအစီအစဉ်တွင် ပြောကြားခဲ့သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် အောင်မြင်မှုမရရှိခဲ့သော်လည်း ၂၀၂၁ ကိုပါအမေရိက ချန်ပီယံဆုဖလားရယူပေးခဲ့သည့်အပြင် အသင်းကို ၃၅ ပွဲဆက် ရှုံးပွဲမရှိသည့် စံချိန်ကောင်းတစ်ရပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိမည်ဟု ယုံကြည်နေကြောင်း သိရသည်။ ML

# Shriners Children's Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို တွမ်ဟိုဂီ ဦးဆောင်

**ဝါရှင်တန် အောက်တိုဘာ ၇**

အမေရိကန်နိုင်ငံ လက်ဗီးဂတ်စ်တွင်ကျင်းပနေသည့် Shriners Children's Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား တွမ်ဟိုဂီက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်စီဝူနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား မက်နယ်လေကတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်ဂျိုဟောင်အပါအဝင် ပြိုင်ပွဲဝင်ရှစ်ဦးက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားဟောင်းဖြစ်သူ ဂျက်ဆင်ဒေးက သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ T12 နေရာတွင်ရပ်တည်နေကြောင်း သိရသည်။

တွမ်ဟိုဂီက"ပထမနေ့ကတော့ ကျွန်တော့်အတွက် အားရကျေနပ်စရာကောင်းတဲ့ နေ့တစ်နေ့ဖြစ်ခဲ့ပါတယ်။ အခွင့်အရေးကောင်းတချို့နဲ့လွဲချော်ခဲ့ရတယ်ဆိုပေမဲ့ ရလဒ်က ကျေနပ်စရာကောင်းပါတယ်။ ပထမနေ့မှာ Birdies ရိုက်ချက်တွေ ဒီထက်ပိုပြီး ရသင့်ပါတယ်။ ကျင်းနံပါတ်(၆)၊ ကျင်းနံပါတ်(၇)တွေမှာ Birdies ရခဲ့တယ်။ တခြားကျင်းတွေမှာလဲ Birdies ရနိုင်တဲ့ အခြေအနေနဲ့ ကပ်ပြီး လွဲချော်ခဲ့ရတယ်။ ကျွန်တော်အခုလိုကောင်းအောင် မကစားနိုင်ခဲ့တာ အချိန်တော်တော်ကြာခဲ့ပါပြီ။ ပထမနေ့တစ်ရက်လုံးကတော့ အဆင်ပြေခဲ့တယ်။ ဒုတိယနေ့မှာလဲ ဒီလိုရိုက်ချက်တွေ ရယူနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## စပိန်လာလီဂါ ပွဲစဉ် (၈) ပွဲကြိုသုံးသပ်ချက်

STA

ဆိုစီဒက် Vs ဗီလာရီးရဲလ်

**ကစားမည့်ရက်/အချိန် ၉-၁၀-၂၀၂၂ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗီလာရီးရဲလ် ၁ – ၂ ဆိုစီဒက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | – | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| ဗီလာရီးရဲလ် | – | အိမ်(သရေ) | ဝေး(သရေ) | အိမ်(နိုင်) |

နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိထားတဲ့ ဆိုစီဒက်အသင်းဟာ အိမ်ကွင်းမှာ ဗီလာရီးရဲလ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ဗီလာရီးရဲလ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ဆိုစီဒက်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားရခက်ခဲနိုင်လို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဆိုစီဒက်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ဆိုစီဒက် ၃ – ၂ ဗီလာရီးရဲလ်**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

STA

မောင့်ပယ်လီယာ Vs မိုနာကို

**ကစားမည့်ရက်/အချိန် ၉-၁၀-၂၀၂၂ (ညနေ ၅း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မောင့်ပယ်လီယာ ၃ – ၂ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မောင့်ပယ်လီယာ | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| မိုနာကို | – | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတဲ့ မိုနာကိုအသင်းဟာ မောင့်ပယ်လီယာအသင်းကို အနိုင်ရယူဖို့အတွက်တော့ မခက်ခဲပါဘူး။ လက်ရှိ မောင့်ပယ်လီယာအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ မိုနာကိုအသင်းပဲ နိုင်ပွဲဆက်ပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – မောင့်ပယ်လီယာ ၁ – ၂ မိုနာကို**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်များ

STA

ဂလာဘတ် Vs ကိုလုံး

**ကစားမည့်ရက်/အချိန် ၉-၁၀-၂၀၂၂ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂလာဘတ် ၁ – ၃ ကိုလုံး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | – | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ကိုလုံး | – | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(ရှုံး) |

ဂလာဘတ်အသင်းဟာ ခြေစွမ်းပိုင်းမတည်ငြိမ်သေးဘူးဆိုပေမဲ့ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်ပါတယ်။ ကိုလုံးအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းမွန်နေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရလို့ တွေ့ဆုံမှုတိုင်း အသာစီးရရှိထားတဲ့ ဂလာဘတ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ဂလာဘတ် ၁ – ၀ ကိုလုံး**

ဟာသာဘာလင် Vs ဖရိုင်းဘတ်

**ကစားမည့်ရက်/အချိန် ၉-၁၀-၂၀၂၂ (ည ၁၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုင်းဘတ် ၃ – ၀ ဟာသာဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**


| | | | | |
|---|---|---|---|---|
| ဟာသာဘာလင် | – | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(သရေ) |
| ဖရိုင်းဘတ် | – | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

လက်ရှိ အသင်းလိုက်ကစားပုံကောင်းမွန်ပြီး ရလဒ်ကောင်းနေတဲ့ ဖရိုင်းဘတ်အသင်းဟာ အဝေးကွင်းဆိုပေမဲ့ ဟာသာဘာလင်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ဟာသာဘာလင်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲရှုန်းကန်နေရလို့ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ ဖရိုင်းဘတ်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဟာသာဘာလင် ၁ – ၂ ဖရိုင်းဘတ်**

# လက်မောင်းကပ်ရောဂါအကြောင်း သိကောင်းစရာ

ကြည်လွင်မြင့်(မုဒြာ)




လက်မောင်းကပ်ရောဂါသည် နေ့စဉ်အသုံးပြုနေသော လက်မောင်းဆုံအတွင်းမှ ရုတ်တရက်မြောက်လိုက်လျှင် နာကျင်ပြီး အဆုံးထိမြောက်မရသောဝေဒနာ မျိုးခံစားရသည့်ရောဂါဖြစ်သည်။ အနောက်တိုင်းဆေးပညာက (Frozen Shoulder) ပခုံးခဲရောဂါဟု ခေါ်သည်။ ရောဂါဟုခေါ်သော်လည်း ကူးစက်ရောဂါ မဟုတ်ပေ။

**လက်မောင်းကပ်သုံးမျိုး**

လက်မောင်းကပ်ဖြစ်စေနိုင်သော အခြေခံအကြောင်းသုံးမျိုးရှိသည်။

၁။ ထိခိုက်ဒဏ်ရာရခြင်း

၂။ လက်ကိုအအေးပတ်ခြင်း

၃။ ကျီးပေါင်းကြောင့် ပခုံးခဲခြင်းတို့ဖြစ်သည်။

ထိခိုက်ဒဏ်ရာရခြင်းကြောင့် လက်ကို သိုင်းထားခြင်း၊ ကျောက်ပတ်တီးစည်းထားခြင်း၊ မလှုပ်ရှားဘဲ ငြိမ်သက်အောင်နေခြင်းတို့ကြောင့် ပခုံးခဲပြီး လက်မောင်းကပ်ရောဂါဖြစ်တတ်သည်။ အထူးသဖြင့် ကျောက်ပတ်တီးစည်းရသူများတွင် ပို၍ဖြစ်တတ်သည်။ တချို့မှာ ဆိုင်ကယ်လဲခြင်း၊ ကားအက်ဆီးဒင့်ဖြစ်ခြင်း တို့ကြောင့် ပခုံးရိုးကိုထိခိုက်မိပြီး ဒဏ်ဖြစ်ရာမှ လက်မောင်းကပ်ရောဂါဖြစ်လေ့ရှိသည်ကို တွေ့ရသည်။

အအေးပတ်ခြင်းနှင့်ပတ်သက်၍ အတွေ့အကြုံမှာ မိတ်ဆွေတစ်ဦးလက်မောင်းကပ်ရောဂါဖြစ်၍ လာပြသည်။ သူ့အသက်မှာ ၅၀ကျော်စီးပွားရေးလုပ်ငန်းရှင်ဖြစ်သည်။ အဆင်ပြေသည်။ လက်ကိုအသုံးပြု၍ ပင်ပင်ပန်းပန်းမလုပ်ရ။ သို့သော် သူ့ညာလက်မှာ တဖြည်းဖြည်းကပ်လာသည်။ ဖြစ်ခါစက လေးရုံသာ လေးသည်။ နောက်ပိုပြီးလေးလာကာ နှစ်လကျော်၊ သုံးလခန့်ရှိသောအခါ လက်ကိုအပေါ်မြောက်မရအောင် ကပ်လာသည်။ ထိုမိတ်ဆွေသည် အအေးအလွန်ကြိုက်သူဖြစ်သည်။ သူ၏အိပ်ခန်းတွင် လေအေးပေးစက်ကို တစ်နေကုန်ဖွင့်ထားပြီး အေးမှအိပ်စက်တတ်သူဖြစ်သည်။ သူသည် ပက်လက်အိပ်လေ့ရှိပြီး လေအေးပေးစက်အဲကွန်းမှာ သူ၏ညာဘက်အခြမ်းမှဖြစ်သည်ကို တွေ့ရှိရသည်။ အိပ်စက်ချိန်တစ်ညလုံး ညာဘက်အခြမ်းကို အအေးမိရာမှ လက်မောင်းကပ်ရောဂါ ဖြစ်လာသည်ဟု ယူဆရသည်။

ကျီးပေါင်းတက်ခြင်းမှာ ယခုခေတ်တွင် ဖုန်းအကြည့်များခြင်း၊ ကွန်ပျူတာအသုံးများခြင်း၊ ခေါင်းငုံ့၍ဖုန်းကြည့်ခြင်းတို့ကြောင့် လည်ပင်းရိုးဆစ်ဇက်ကျီးပေါင်းတက်ရာမှ ဇက်မှလက်ပြင်၊ လက်မောင်းတစ်လျှောက်သွားသောအာရုံကြောဖိမိ၊ ညှပ်မိရာမှ လက်မောင်းကပ်ခြင်းဖြစ်လာနိုင်သည်။

လက်မောင်းကပ်သူတို့သည် နောက်ကျောသို့ လက်နောက်ပြန်ပြီးမကုတ်နိုင်ပေ။ အမျိုးသမီးများဆိုလျှင် အတွင်းခံအကျီချိတ်ကို လက်နောက်ပြန်မဖြုတ်နိုင်သည်ကိုတွေ့ရမည်ဖြစ်သည်။ လက်မောင်းကပ်သူများသည် မရသည့်လှုပ်ရှားမှုများကို လက်မလျှော့ဘဲ မရရအောင် တဖြည်းဖြည်းကြိုးစားလေ့ကျင့်ယူခြင်းဖြင့် လက်မောင်းကပ်ရောဂါပျောက်ကင်းနိုင်သည်။ ငြိမ်ငြိမ်နေလျှင် လက်မောင်းကပ်ခြင်း၊ ပခုံးခဲခြင်းပို၍ဆိုးလာမည်ကို သတိပြုကြစေလိုသည်။

လက်အနေအထားများယွင်းစွာ အသုံးပြုမိရာမှ ပခုံးအတွင်းမှ အရွတ်၊ အမြှေးရောင်သွားသောဝေဒနာဖြစ်သည်။ ပခုံးကိုထိခိုက်မိခြင်း၊ ချော်လဲခြင်း၊ စက်ဘီး၊ ဆိုင်ကယ်လဲခြင်းကြောင့်လည်းဖြစ်နိုင်သည်။

လက်မောင်းကပ်ခြင်းသည် တဖြည်းဖြည်းဖြစ်လာသည်ကများသည်။ လက်ကို ဆန့်တန်းမြှောက်လျှင် နာသည်။ နောက်ကျောပြင်ကုတ်လျှင် အပေါ်ထိမရ၊ အမျိုးသမီးများ ဆံပင်ထုံးမရဖြစ်တတ်သည်။

ဇက်ကျီးပေါင်းရှိလျှင်လည်း ဖြစ်တတ်သည်။ တစ်ဖက်သတ်ဖိအိပ်လေ့ရှိသူများတွင်လည်း ဖြစ်တတ်သည်။ လက်မောင်းကပ်လျှင် လေ့ကျင့်ခန်းလုပ်ပါ။ အနာခံ၍ပြုလုပ်ပါ။ လက်ကို ရသမျှ အပေါ်မြှောက်၊ နောက်ကွေး၊ ရှေ့ဆန့် အကြိမ် ၂၀ ခန့်ရအောင်ပြုလုပ်ပေးပါ။ တစ်နေ့ သုံးကြိမ်ပြုလုပ်ပါ။ ညာဘက်လက်ဖြစ်လျှင် အသုံးပြုနေ၍ ပျောက်လွယ်သည်။ ဘယ်ဘက်လက်ဖြစ်လျှင် အသုံးနည်း၍ ပိုကြာသည်။ (သန်ရာလက်ကိုဆိုလိုသည်။ ဘယ်သန်လျှင် ညာပျောက်ခဲမည်)။ အနှိပ်ခံစရာမလိုပေ။ လေ့ကျင့်ခန်းမှန်မှန်လုပ်လျှင် ၁၄ ရက်အတွင်း သက်သာပျောက်ကင်းနိုင်သည်။

**ကြပ်ထုပ်ထိုးကုသခြင်း**

ဆားကြပ်ထုပ်ထိုးနိုင်သည်။ မိသလင်ကြပ်ထုပ်က အကောင်းဆုံးဖြစ်သည်။ ရေနွေးငွေ့ခံထိုးပါ။ အပူခံနိုင်ရုံသာထိုးပါ။ မုန်ညင်းဆီလိမ်းပြီးထိုးလျှင် ချောမွေ့ပြီး အပူလောင်သက်သာသည်။

ဇက်ကျီးပေါင်းနေရာတွင် သဘော်ရွက်မီးကင်ပြီး ကပ်ပေးပါ။ ဘန်ဒါရွက်(ဗာဒံရွက်)ကပ်လျှင်လည်း ရသည်။ ချင်းခြောက်မှုန့်သုံးဆ၊ လင်းလေမှုန့်တစ်ဆ၊ သစ်ကြံပိုးခေါက်မှုန့်တစ်ဆရော ရေနွေးနှင့်ဖျော် လက်မောင်းဆုံတွင် အုံစည်းလျှင် လက်မောင်းကပ်ရောဂါပျောက်သည်။

**ကျီးပေါင်းတက်ခြင်း**

ဇက်ကျီးပေါင်းတက်သူများတွင်လည်း သွယ်ဝိုက်သောနည်းဖြင့် လက်မောင်းကပ်ရောဂါဖြစ်လာတတ်သည်ကို တွေ့ရတတ်သည်။ ထိုအခါ ဇက်ကျီးပေါင်းကိုပါ သက်သာအောင် တွဲဖက်ကုသပေးရသည်။ အထူးသဖြင့် ခေါင်းငုံ့အလုပ်လုပ်ရသည့်စာရေးများတွင် ဇက်ကျီးပေါင်းတက်ရောဂါဖြစ်လေ့ရှိသည်။ ဇက်ရိုး၊ လည်ပင်းရိုးဆစ် ၅၊ ၆၊ ၇ တွင် ကျီးပေါင်းရှိသူများမှာ လက်မောင်းကပ်ရောဂါဖြစ်လေ့ရှိသည်ကို တွေ့ရတတ်သည်။

ကျီးပေါင်းတက်ရောဂါကို သောက်ဆေး၊ စားဆေးဖြင့် မပျောက်ကင်းနိုင်ပေ။ ပိုဆိုးမလာအောင် လေ့ကျင့်ခန်းလုပ်ခြင်း၊ တောင့်တင်းခြင်းအတွက် ဆေးလိမ်းခြင်း၊ အကြောပြင်ဆရာဖြင့် အကြောပြင်ခြင်း၊ တိုင်းရင်းဆေးဖြင့် ကြပ်ထုပ်ထိုးခြင်းဖြင့်လည်း သက်သာစေနိုင်သည်။

**ကျီးပေါင်းအတွက် အကောင်းဆုံးမိသလင်ကြပ်ထုပ်**

ကျီးပေါင်းတက်ရောဂါကို ဆေးခန်းတွင် ရက်အနည်းငယ်အကြောပြင်၊ ဆေးကပ်၊ ခဲဆွဲရုံနှင့်မပျောက်ပေ။ ကုသပြီးနောက် မိမိအိမ်တွင် ဆက်လက်ပြီး ဆေးလိမ်း၊ လေ့ကျင့်ခန်းလုပ်၊ ကြပ်ထုပ်ထိုးနေရန်လိုသည်။ ကြပ်ထုပ်ပြုလုပ်နည်းကို ဝေငှပါမည်။

စာရေးသူ၏ဆေးခန်းတွင် သုံးစွဲနေသောနည်းဖြစ်သည်။

**ပြုလုပ်ပုံအဆင့်ဆင့်**

နှစ်ကြာခါးနာ၊ ဇက်ကြောတက် ဝေဒနာသည်များ ဆောင်းရာသီတွင် အအေးပတ်လျှင် ခေါင်းမူးတတ်သူများအတွက် ရေနွေးငွေ့ဖြင့်အပူပေး၍ အချိန်မရွေး ကြပ်ထုပ်ထိုးပေးနိုင်သည်။ အထုပ်နှစ်ထုပ်ပြုလုပ်ပြီး တစ်လှည့်စီ နာရီဝက်ခန့်ထိုးပါ။ မုန်ညင်းဆီ၊ နှမ်းဆီ အရင်လိမ်းပြီးမှ ကြပ်ထုတ်ထိုးလျှင် ပို၍ချောမွေ့သည်။

ဆေးခန်းသွား၍ ငွေကုန်ခံမည့်အစား မိမိအိမ်တွင်သက်သာမည့်နည်းလမ်းဖြစ်သည်။

မိသလင်တစ်မျိုးတည်းနှင့်ကျီးပေါင်းပြေ ဒဏ်ကျေစေနိုင်သည်။ ပရဆေးဆိုင်တွင် မိသလင်ဥဝယ်ပြီး အမှုန့်ကြိတ်အပ်လိုက်လျှင်ရသည်။ အခိုးထွက်သည့်ပိတ်စအကြမ်းကို အသုံးပြုပါ။ ဇက်ကျီးပေါင်း၊ ခါးဆစ်ကျီးပေါင်းကို မိသလင်ကြပ်ထုပ်ထိုးပြီးလျှင် သဘော်ရွက်ကိုပျော့အောင် ရေနွေးခဏစိမ်ပြီး ကပ်ပေးပါ။ ကျီးပေါင်းတဖြည်းဖြည်း ပါးသွားပါလိမ့်မည်။ ဆေးပူများအမြဲမလိမ်းပါနှင့်။ ပရုတ်ဆီမလိမ်းပါနှင့်။ ပူလျှင်၊ ယားလျှင် သနပ်ခါးမြစ်နှင့်ဆားသွေးလိမ်းပါ။ ငြိမ်နေလျှင် ပိုဆိုးသည်။ အချို့ရောဂါဝေဒနာများသည် အနားယူမှသာ ပျောက်ကင်းသည်။ ဥပမာ-ခါးနာရောဂါအခြေအနေတိုးလျှင် အကြောအဆစ်ကုဆရာဝန်ကြီးများက Bed-rest ခေါ် အိပ်ရာပေါ်တွင် အနားယူခြင်းကို ရက်ရှည်လုပ်ခိုင်းလေ့ရှိသည်။ ဒူးဆစ်ခိုက်မိဒဏ်ရာရသူများလည်း ဒဏ်ရာအနာကျက်သည်ထိ အနားယူရလေ့ရှိသည်။ လက်မောင်းကပ်ရောဂါကုသရာတွင် ဤကဲ့သို့ အနားယူခိုင်း၍မရပေ။ လက်မလှုပ်ရှားဘဲထားလျှင် ပို၍ပင်ကပ်သွားတတ်သည်။ လေ့ကျင့်ခန်းပါ ပြုလုပ်ပေးရသည်။ လေ့ကျင့်ခန်းများမှာ-

(၁) လက်ကို အထက်သို့မြှောက်ခြင်း၊ အောက်သို့ချခြင်းကို ၁၀ ကြိမ်။

(၂) လက်ကိုကွေး၍ ခါးထောက်ခြင်း၊ ပြန်အောက်ချခြင်း ၁၀ ကြိမ်။

(၃) လက်ဝါးကို ပက်လက်ဖြန့်ပြီး ပခုံးကို ထိခြင်း ၁၀ ကြိမ်။

(၄) လက်မောင်းကိုကွေး၍ ပခုံးကိုထိထားပြီး စက်ဝိုင်းပတ် နာရီလက်တံအတိုင်းလှည့်ခြင်း ၁၀ ကြိမ်။

(၅) လက်မောင်းကိုကွေး၍ ပခုံးကိုထိထားပြီး စက်ဝိုင်းပတ်နာရီလက်တံဆန့်ကျင်ဘက် အတိုင်းလှည့်ခြင်း ၁၀ ကြိမ်။

ထိုလေ့ကျင့်ခန်းငါးမျိုးကို တစ်ကြိမ်တည်း တစ်ဆက်တစ်စပ်တည်းပြုလုပ်ပါ။ စိတ်ရှည်ရှည်နှင့် ဖြည်းဖြည်းချင်းပြုလုပ်ပါ။ လေ့ကျင့်ခန်း ၁၄ ရက်ပြုလုပ်လျှင် လက်မောင်းကပ်ခြင်းမှ သိသိသာသာ သက်သာလာပါလိမ့်မည်။ လက်မောင်းကပ်အတွက် ဆေးနည်းတိုများ-

(၁) မုန်ညင်းဆီ ၁၀ ကျပ်သားတွင် ချင်းတက် သုံးကျပ်သားထည့်ပြီး မီးနှင့်ဆူအောင် ချက်ထားကာ ခပ်နွေးနွေးလိမ်းပေးပါ။

(၂) လက်မောင်းဆုံမှကိုက်ခဲလျှင် ဗာဒံရွက်အနုကိုမီးကင် မုန်ညင်းဆီသုတ်ပြီး လက်မောင်းဆုံတွင်ကပ်ပြီး ပတ်တီးစည်းထားပါ။

(၃) ချင်းတက်အစိုနှင့် မိသလင်ဥအစိုတို့ကို ရောထောင်းပြီး လက်မောင်းဆုံတွင်အုံကာ ပတ်တီးဖြင့် သုံးနာရီကြာအောင် စည်းထားလျှင် အကိုက်သက်သာသည်။

(၄) မိသလင်အခြောက်မှုန့်ကို အဝတ်ဖြင့်ထုပ်ပြီး ကြပ်ထုပ်ပြုလုပ်၍ ရေနွေးငွေ့ခံပြီး လက်မောင်းတစ်လျှောက် ကြပ်ထုပ်ထိုးပေးပါ။

(၅) ဇက်နှင့်လက်ပြင်တစ်လျှောက်အကြောတင်းကိုက်ခဲလျှင် သဘော်ရွက်အနုကို ပျော့အောင် ရေနွေးစိမ်ပြီး ကပ်ပေးပါ။

(၆) တောရှောက်မြစ်၊ သက်ရင်းကြီးမြစ်များ သွေးလိမ်းလျှင် လက်မောင်းကပ်သက်သာစေပါသည်။

**❖ လက်မောင်းကပ်သူတို့သည် နောက်ကျောသို့ လက်နောက်ပြန်ပြီး မကုတ်နိုင်ပေ။ အမျိုးသမီးများဆိုလျှင် အတွင်းခံအကျီချိတ်ကို လက်နောက်ပြန်မဖြုတ်နိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ လက်မောင်းကပ်သူများသည် မရသည့်လှုပ်ရှားမှုများကို လက်မလျှော့ဘဲ မရရအောင် တဖြည်းဖြည်းကြိုးစားလေ့ကျင့်ယူခြင်းဖြင့် လက်မောင်းကပ်ရောဂါ ပျောက်ကင်းနိုင်သည်။ ငြိမ်ငြိမ်နေလျှင် လက်မောင်းကပ်ခြင်း၊ ပခုံးခဲခြင်း ပို၍ဆိုးလာမည်ကို သတိပြုကြစေလိုသည်။ လက်အနေအထားများယွင်းစွာအသုံးပြုမိရာမှ ပခုံးအတွင်းမှ အရွတ်၊ အမြှေးရောင်သွားသောဝေဒနာဖြစ်သည်။ ပခုံးကိုထိခိုက်မိခြင်း၊ ချော်လဲခြင်း၊ စက်ဘီး၊ ဆိုင်ကယ်လဲခြင်းကြောင့်လည်းဖြစ်နိုင်သည်။ ❖**

# သထုံမြို့တွင်တွေ့ရှိသော ရှေးမွန်လက်ရာအုတ်ခွက်ဘုရားများကို မော်လမြိုင်မြို့ရှိ ယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသရန် စီစဉ်နေ



**နေပြည်တော် အောက်တိုဘာ ၇**

မွန်ပြည်နယ် သထုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စက်တင်ဘာ ၃၀ ရက်က တွေ့ရှိသည့် ရှေးမွန်လက်ရာ အုတ်ခွက်ဘုရားများကို မော်လမြိုင်မြို့ရှိ ယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသရန် စီစဉ်နေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး (စီမံ) ဦးအောင်အောင်ကျော်ထံမှ သိရသည်။

အဆိုပါ ရှေးမွန်လက်ရာ အုတ်ခွက်ဘုရားများကို မွန်ပြည်နယ် သထုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြေကျင်းတူးရာမှ တွေ့ရှိရခြင်းဖြစ်ပြီး မွန်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး ကော်မတီဝင်များ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (မွန်ပြည်နယ်)မှ ပညာရှင်များက စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး မွန်တိုင်းရင်းသားတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအဖြစ် အများပြည်သူ ကြည့်ရှုလေ့လာသုတေသနပြုနိုင်ရန် မော်လမြိုင်မြို့ရှိ ယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"တူးဖော်တွေ့ရှိခဲ့တဲ့ ရှေးဟောင်း အုတ်ခွက်ဘုရားတချို့ကတော့ ပုဂံဒေသမှာ တွေ့ရှိရတဲ့ အုတ်ခွက်ဘုရားတွေမှာ သရုပ်ဖော်ထားတဲ့ ဇာတ်ကွက်တွေနဲ့မတူတဲ့ အုတ်ခွက်ပုံစံသစ်တွေ ပါဝင်နေပါတယ်။ အုတ်ခွက်ဘုရားတွေဟာ ပုဂံထက် အနည်းငယ်စောတဲ့ မွန်တိုင်းရင်းသားတို့ရဲ့ ကိုးကွယ်ယုံကြည်မှုကိုဖော်ပြနေတဲ့ ရှေးဟောင်းအုတ်ခွက်ဘုရားတွေ ဖြစ်တာကြောင့် အများပြည်သူလေ့လာသုတေသနပြုနိုင်ဖို့အတွက် ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနက မော်လမြိုင်ယဉ်ကျေးမှုပြတိုက်မှာ ပြသထားဖို့ စီစဉ်နေပါတယ်"ဟု ဦးအောင်အောင်ကျော်က ပြောပြသည်။

အဆိုပါကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြေတူးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း အနက် လေးပေခန့်တွင် မုဒြာမျိုးစုံပါဝင်သည့် ရှေးဟောင်းလက်ရာများဟု ယူဆရသော အုတ်ခွက်ဘုရားအဆူ ၂၁၀ ကို တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အုတ်ခွက်ဘုရားများကို ကျောင်းဘုရားခန်းတွင် ပူဇော်ထားရှိကြောင်း သိရသည်။ ASH

# Megalopolis ဇာတ်ကား ယခုနှစ်ဆောင်းရာသီတွင် စတင်ရိုက်ကူးမည်

**နယူးယောက် အောက်တိုဘာ ၇**

ကမ္ဘာကျော်ဒါရိုက်တာ ဖရန်စစ်ဖို့ကော့ပိုလာသည် Megalopolis အမည်ရှိ ဒရာမာဇာတ်ကားကို ယခုနှစ်ဆောင်းရာသီတွင် ဂျော်ဂျီယာပြည်နယ်၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

ဒါရိုက်တာ ကော့ပိုလာသည် Megalopolis ဇာတ်ကားအတွက် နှစ် ၂၀ ကြာအချိန်ယူခဲ့ရပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ်ကိုလည်း ၎င်းကိုယ်တိုင် စိုက်ထုတ်ကျခံမည်ဖြစ်ကြောင်း သိရသည်။

Megalopolis ဇာတ်ကား၏ ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ထိ ရှိနိုင်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် လူမှုပြဿနာများကို ကိုယ်ပိုင်ဖြေရှင်းနိုင်စွမ်းမရှိသည့် ခေတ်သစ်ကမ္ဘာကြီးအပေါ် ရောမအင်ပိုင်ယာ ရင်ဆိုင်ခဲ့ရသည့် ကံကြမ္မာမျိုး အရိပ်ထိုးထားပုံကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး ခလိုးဖိုင်မင်း၊ အစ္စဘဲလားကပ်စမင်း၊ မင်းသား အဒမ်ဒရိုက်ဗာ၊ ဖောရက်ဝပ်တိတ်ကာတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ဒါရိုက်တာ ကော့ပိုလာက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO



# ကျောက်တံတားမြို့နယ်တွင် Art Stone ပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Pan School Art Education Center တွင် Art Stone ပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ Art Stone ပန်းချီပြပွဲတွင်ပါဝင်ပြသမည့် ပန်းချီဆရာတစ်ဦးဖြစ်သူ ပန်းချီ အောင်သူငြိမ်းထံမှ သိရသည်။

အဆိုပါ Art Stone ပန်းချီပြပွဲကို ကျောက်တံတားမြို့နယ်ရှိ Pan School Art Education Center တွင် အောက်တိုဘာ ၁၃ ရက်မှ အောက်တိုဘာ ၁၉ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲက အရင်နှစ်က ပုပ္ပားအနုပညာမြိုင် ဖွင့်ပွဲရဲ့နောက်ဆက်တွဲပါ။ တကယ်က ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ရွာနားက ပုပ္ပားအနုပညာမြိုင်ကို ပန်ကျောင်းတော်မှာ စတင်ခဲ့တာပါ။ ပန်းချီ၊ ဂီတ၊ စာပေ၊ အက စတဲ့ အနုပညာရပ်ပေါင်းစုံကို လေ့လာသင်ယူနိုင်မဲ့ ကျောင်းတော်တစ်ခုပါ။ အခုက အခြေအနေအရ ပန်ကျောင်းတော်ကို ရန်ကုန်မှာစတင်ဖြစ်ခဲ့ပါတယ်။ အခု ပန်းချီပြပွဲက ပန်ကျောင်းတော်ရဲ့ လှုပ်ရှားမှုအနေနဲ့ပြုလုပ်တဲ့ ဒုတိယမြောက်ပြပွဲပါ။ နောက်ထပ်လဲ အနုပညာလှုပ်ရှားမှုတွေ ဆက်တိုက်ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်"ဟု ပန်းချီ အောင်သူငြိမ်းက ပြောပြသည်။



Art Stone ပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် စိုးနိုင်၊ မျိုးညွန့်ခင်၊ ဇော်ညွန့်ဖေ၊ လှဋ္ဌေး၊ လှပ၊ ညီညီ၊ သိန်းစိန်၊ ပန်းချီဆရာမ ကျော့တို့နှင့်အတူ မကွေးမြို့မှ ပန်းချီဆရာ အောင်သူငြိမ်းလည်း ပါဝင်ပြသမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေးအပါအဝင် ပန်းချီကားပေါင်း ၁၀၀ ခန့် ပြသသွားမည်ဖြစ်ကြောင်း၊ ပန်းချီကားများ၏အရွယ်အစားများမှာ (၄×၃) ပေ၊ (၄×၂) ပေ၊ (၃×၂)ပေ၊ လက်မ (၃၀×၄၀)၊ (၁၈×၂၄) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ငါးသိန်းမှ ငွေကျပ် ၁၇ သိန်း ထိရှိကြောင်း သိရသည်။ ASH

# The Bikeriders ဇာတ်ကား၌ မင်းသား နော်မန်ရီးဒပ် ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၇**

The Bikeriders အမည်ရှိ ဇာတ်ကားသစ်၌ The Walking Dead မင်းသား နော်မန်ရီးဒပ်လည်း ပါဝင်လာကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် နော်မန်ရီးဒပ်သည် မင်းသား တွမ်ဟာဒီ၊ အော်စတင်းဘတ္တလာ၊ မိုက်ကယ်ရှန်ဒွန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Bikeriders ဇာတ်ကားသည် ကမ္ဘာကျော်ဓာတ်ပုံဆရာ ဒန်နီလိုင်ယွန်၏ The Bikeriders အမည်ရှိ ဓာတ်ပုံမှတ်တမ်းစာအုပ်ကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အမေရိကန်အနောက်အလယ်ပိုင်း ဆိုင်ကယ်စီးကလပ်တစ်ခုမှ အသင်းဝင်များ၏ဘဝကို ပုံဖော်ထားသည့် The Bikeriders ဇာတ်ကားကို ဒါရိုက်တာဂျက်နစ်ကိုးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို အိုဟိုင်းအိုးပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Bikeriders ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက သတ်မှတ်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO



# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သပြေလှကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သပြေလှကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# SAC Chairman Prime Minister Senior General Min Aung Hlaing addresses Union government meeting 7/2022



Senior General Min Aung Hlaing addresses Union government meeting 7/2022.

Nay Pyi Taw October 7

Union government held meeting 7/2022 at the State Administration Council Chairman's Office here this afternoon, addressed by SAC Chairman Prime Minister Senior General Min Aung Hlaing.

SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and Union ministers were also present.

**National development undertakings underway; internal strength is the most secure means**

The Senior General said previously, meeting 1/2022 of Central Committee for MSME Development of Republic of Union of Myanmar and Myanmar Rice Conference 2022 were organized and they were the main events for national economic promotion. The main responsibility of a government is national economic development. National economic development was stagnant during the previous year for various reasons. World Bank, IMF and ADB said that Myanmar's economic progress was indicating a negative sign. But the government's efforts to continuously produce farm-based goods for export had cushioned the impact on economy. Internal strength lies within; and guidance has been given very often to stay away from relying on external sources to the most possible degree as the experience throughout the successive eras stands witness to the fact.

So, it is impossible for the country to rely on foreign sources for its progress. The best way is to support the domestic economy to the most possible extent. SAC is striving for economic development and is encouraging MSMEs, which are production businesses, and farming industry. MSMEs are run by local entrepreneurs. At the meetings with MSME entrepreneurs in Meiktila, Yangon and Pyay, parts which MSME entrepreneurs can run by themselves and parts which need government support were identified. Hence, the government is supporting the MSMEs run by nationalities. It is encouraging the local production businesses as the internal strength lies within.

Raw material supply problems can be mitigated by relying mainly on domestic and local raw materials. Regions can supply raw materials and the government is providing assistance for the availability of certain raw materials. Energy is also a requirement for production businesses in addition to inputs.

Agriculture needs fertilizers and pesticides and livestock industry needs inputs like feedstuff. These inputs can be produced locally. Means are being sought for ensuring adequate power supply. Solar power can be harnessed for industries. State will also lend a helping in the task to produce adequate power supply. Solar power will be cost effective and can reduce fuel consumption.

The State will provide loans for MSME entrepreneurs when their business runs well, but they themselves should make initial efforts. There are two kinds of loans – development loans and economic loans. Loans will be provided in accord with the rules. Loan payment period has been extended, but loans must be pay back on the designated date without fail.

Nation-wide efforts are required to provide human resources for production businesses. Middle school level and high school level farming courses should be conducted for workers who have not completed basic education. The State is arranging agriculture, livestock and industrial courses for the persons who have completed high school education. Outstanding students of agriculture, livestock and technological institutions have the chance to pursue college or university education subject wise. Hence, success of education promotion programs is required to ensure adequate supply of human resources.

Myanmar is sufficient in raw materials for agriculture and livestock farms as well as industries. Manufacturing and industries can be operated with the use of raw materials. Cultivation of bamboo plants can be purposed for manufacturing bamboo based on industrial products. Emphasis must be placed on bamboo raw materials. Likewise, raw materials can be used in agricultural produce and livestock products. Union ministers need to give advice for development of MSME industries. The Senior General said he adopted a policy for manufacturing MSME products with the use of domestic materials. Relevant ministries need to adjust the equitable functions of all MSME and other industries.

The Myanmar Rice Conference 2022 benefiting the State is in progress. Myanmar is an agro-based country, with primarily growing rice and oil crops. Rice is the main product of Myanmar. As Myanmar is producing rice well, it is a prestige of the State for food security. If Myanmar exports a larger volume of rice to the international market, it will comprise in the role of taking the role of food security. Hence, Myanmar grows monsoon and summer paddy on more than 17 million acres of farmlands. The country is home to 55 million people. If efforts will be made for increasing per-acre yield of paddy, export volume of rice will be greater. Hence, it is necessary to bar the illegal export of rice through border areas.

Rice export is officially allowed, and export of rice through Yangon, Pathein, Sittway and Mawlamyine will support development of port functions. Transport of rice must use rail transportation and waterways. Hence, efforts are being made to improve and maintain the railways and stations.

In the agriculture sector, it needs human resources. Some 5 million of people went abroad to seek jobs. As such, it is necessary to use more agricultural machinery, local industries should manufacture agricultural machinery. So also, import of agricultural machinery is allowed to be imported.

**One Region One Product**

The Senior General said development of MSME industries and encouragement to primary products of relevant regions. He said: **"The next one is related to data and formation of MSME industries. On the other hand, MSME industries need to clearly operate their functions in regions and states and districts. Anyone should not spend spare time in working office works. We all need to view productions. MSME industries must be established in major districts and cities of regions and states. The districts producing primary products must be engaged in One Region One Product. More than 120 districts must manufacture more than 120 items of products. For example, Pakokku must produce good quality of textile items. In commemoration of the World Tourism Day, blankets and textile wares were exhibited. I saw Pakokku could show the best quality of textile items. Some items may be there I missed chance to see. The other day, I saw good quality of Inma sarong. It was a good quality product. I encourage such business to do so. Some regions can product quality products of rice, beans, bamboo, metals, etc. If the country manufactures the products through One Region One Product, these may catch attention of tourism at an opportune time."**

**All-out efforts for development of regions**

Relevant ministries were urged to cooperate with departments in respective regions for ensuring equitable development of regions across the nation. Staff members of ministries are amicable to build the family type relations. If those at superior level do work in the warm relations over the subordinates, both sides will have rapid success through the mutual understanding.

When it comes to financial affairs, the State is taking thrifty measures. Allotted budgets are being spent on national development within capacity. The budgets that the ministries could not have spent fully for various reasons should be returned. All the ministries need to spend their budgets where only necessary and prevent any loss, the Senior General said.

Next, the Union minister in attendance explained their respective sectors.

In response, the Senior General stressed the need to try to earn income that should be available in successive financial years in running businesses. The ministries are therefore urged to try to ensure budget balance without any loos, and to earn profit if possible.

In his concluding remark, the Senior General spoke of the need for relevant ministries to take timely and necessary measures in relation to the reports of MSME entrepreneurs. The government will also fulfil the needs deem urgent and take step-by-step measures for the matters that can take time.

Regarding the cultivation of crops, land must be efficiently used. There should not be empty land so as to prevent agricultural land from being spoilt. Double cropping and mix-cropping involving monsoon and summer paddy, oil crops and beans and pulses. High yields of crops will improve national income and economy. Irrigation water is being provided through river-water pumping projects, and the private sector will be granted for such projects.

Industrial land plots have been allotted mainly for industries, not for housing projects. Otherwise, industrial zone management matters may be complicated. Industrial zones and industrial wards are different. An industrial zone must focus on industrial manufacturing.

The strength of a nation lies within. As such, efforts must be made for better conditions. Responsible officials need to supervise with checklists. Only then, will the businesses be successful. Subordinate staff members must be treated like a family. They may have some weaknesses but honest ones must be led. It is also necessary to seek some suggestions from those subordinates. And that will contribute towards the running businesses, thereby achieving success. 100

# PyinOoLwin to host hot-air lantern festival in November


A previous hot-air lantern festival in progress.

**PyinOoLwin October 7**

The PyinOoLwin Tazaungdine hot-air lantern festival will be held on a grand scale in PyinOoLwin of Mandalay Region in coming November, said Secretary of the organizing committee U Win Myint.

The festival will take place near Maha Arnthtoo Kantha Buddha Image in PyinOoLwin Township from 4 to 8 November.

"It is charming local and foreign tourists on a yearly basis. It could not be held in 2020 and 2021 due to outbreak of Covid-19. This year, we slate to host the festival on a grand scale similar to that of previous years," U Win Myint said.

But the festival will be held under the protocols of Covid-19. Officials are making arrangements for taking security measures for the people during the festival.

In 2019, the festival was held to release 20 night flares, 18 Seinnabyan hot-air balloons and 44 day ones from 8 to 12 November.

ASH

# Emerald green village project covers over 200 works of more than 120 villages in Yangon Region

**Yangon October 7**

Yangon Region Rural Development Department stated that implementation of Emerald Green Village Project covered more than 200 works of over 120 villages in Yangon Region.

The project is implemented by the Department of Rural Development as of 2014-15 fiscal year to enable Myanmar to become an agro-based country.

The government issued K11.22 billion for the project as the fund without losing the capital investment.

The region department implemented the project in 388 villages of 12 townships in five districts in September 2022.

In this regard, the project covered 217 works including construction of roads and bridges, water supply tasks, and rural electrification for benefiting 0.46 million of rural people from 126 villages.

As Yangon is an economic hub, efforts are being made to narrow the development gap of rural and urban areas in development infrastructures.

336


A village road under construction.

# 1,500 oil lamps to be offered to Shwemyinzu mid-stream pagoda in Indawgyi Lake in Mohnyin Township

**Mohnyin October 7**

A ceremony to offer 1,500 oil lamps to Shwemyinzu Mid-stream Pagoda will be held in Indawgyi Lake in Mohnyin Township of Kachin State with the traditional dances of red Shan ethnic people, said member of the pagoda board of trustees U Chit Than.

The ceremony will take place on the water surface on the full moon day of Thadingyut whereas red Shan ethnic people will perform traditional dances on the bunds of the lake.

"It is a traditional festival. Oil lamps will be placed on the water surface dedicating to the pagoda. Red Shan ethnics will entertain Dhamma Puja songs. Oil lamps will be complemented to attendees with food services," said U Chit Than.

The ceremony will be held as of 8th waxing of Tabaung to the full moon day with the entertainments of theatrical drama performances, red Shan ethnic cultural booths and dances and rowing contest of people around the lake and other festivities.

336

# Plan to implement Project on Standardization for potential agricultural produce export to Japan

**Nay Pyi Taw October 7**

The Ministry of Commerce stated that the Myanmar Trade Promotion Organization will implement the Project on Standardization for potential agricultural produce export to Japan from October 2022 to January 2023.

The project aims to improve quality of agricultural produce with penetrating into the Japanese market and exporting Myanmar quality agricultural produce to Japanese market. Moreover, it is necessary to disseminate the knowledge about standards of products along the production value chain and raise the bilateral agricultural trade between Myanmar and Japan.

Hence, the Myanmar Trade Promotion Organization will implement the project step by step in cooperation with relevant organizations and departments.

Meetings on successful implementation of the project are being held with participation of Trade Development Branch of MTPO, Kanbawza Trade Centre and experts.

The project comprises an establishment of Konjac as a separate project to be implemented by ASEAN-Japan Centre (AJC).

336

# Despite declining price of onion at present, onion market to get good prospect in coming year

**Yangon October 7**

Although price of onion declines at present, onion market and prices will be higher in coming season, according to the businesspersons from Bayintnaung market in Yangon.

Prices of onions skyrocketed in mid-September at Bayintnaung market in Yangon but its prices dropped later.

On 21 September, onion was traded at K3,200 to K2,800 per viss depending on size and quality but prices rose to K2,400 to K2,750 per viss on 28 September.

At present, prices of onions are still stable. Some businesspersons expected onion prices will rise in the coming season.

Onion is cultivated by irrigation water in January and February and it produces in March. The stocks are sold from April to September. Then, monsoon onions are grown in September and harvested in November and December.

So, new onion will come out in coming November, resulting down prices at that time.

Due to Covid-19 hindrances, some volume of onion can be sent to Chinese market and a large volume to Thai market, via Myawady, Htikhee and Mawtawng border trade camps.

Thailand imports onion from Myanmar and India. Moreover, Myanmar's onion is sent to Laos and Vietnam via Thailand.

Up to end of August 2022-23 fiscal year, Myanmar sent 48,689.605 tons of onion worth US$16.490 million to Thailand through Htikhee, Mawtawng and Myawady border gates. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## သမ္မတပူတင်က ရုရှားသို့ပေါင်းစည်းလာသည့် ဒေသသစ်လေးခု၏ ယာယီအကြီးအကဲများကို ခန့်အပ်ခဲ့



ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားဥပဒေနှင့်အညီ ဒေသများ၏အကြီးအကဲများကို အသစ်တစ်ဖန် ရွေးချယ်တင်မြှောက်သည်ထိ အုပ်ချုပ်နိုင်စေရန် ရုရှားနိုင်ငံသို့ ပေါင်းစည်းလာသည့် ဒေသသစ်လေးခု၏ ယာယီအကြီးအကဲများကို ခန့်အပ်ခဲ့သည်။

ရုရှားနိုင်ငံသို့ မဝင်ရောက်မီ အဆိုပါဒေသများကို ဦးဆောင်ခဲ့သည့် နိုင်ငံရေးသမားများအား ၎င်းတို့၏လက်ရှိရာထူးများကို ဆက်လက်ခန့်အပ်ထားခဲ့ခြင်းလည်းဖြစ်သည်။ ယူကရိန်းနိုင်ငံ အာဏာသိမ်းပြီးနောက် Donetsk ဒေသရှိ ရုရှားစကားပြောလူမျိုးများ၏ဆန္ဒပြပွဲများကို ဦးဆောင်သူ Denis Pushilin သည် Donetsk ပြည်သူ့သမ္မတနိုင်ငံ (DPR) ၏ ယာယီခေါင်းဆောင်ဖြစ်လာခဲ့သည်။ Pu-shilin သည် ၂၀၁၄ ခုနှစ် မေ ၇ ရက်တွင် DPR ကို ဖွဲ့စည်းခဲ့သည့် အခမ်းအနားတွင်ပါဝင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် သမ္မတနိုင်ငံခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

Leonid Pasechnik သည် ယခု Lugansk People's Republic (LPR) ၏အကြီးအကဲဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် Euromaidan ဖြစ်ရပ်များကို ဆန့်ကျင် ဆန္ဒပြမှုများနှင့် ယူကရိန်းအရှေ့တောင်ပိုင်းတွင် တစ်နိုင်ငံလုံးအာဏာသိမ်းမှု စတင်သောအခါ သူသည် Lu-gansk ဒေသ၏ ပြည်သူ့စစ်ဘက်တွင် ဝင်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် သမ္မတနိုင်ငံခေါင်းဆောင်အဖြစ် ရွေးကောက်ခံခဲ့ရသည်။

Donbass ရီပတ်ဗလစ်ကန် နှစ်ခု၏ ခေါင်းဆောင်များသည် အကြီးအကဲရာထူးကို ဆက်လက်ခန့်အပ်ထားရှိခဲ့ပြီး ကျန်ဒေသနှစ်ခု၏ အကြီးအကဲများသည် ယာယီအုပ်ချုပ်ရေးမှူးများ ဖြစ်လာကြသည်။

Zaporozhye ဒေသ၏ စစ်ဘက်-အရပ်ဘက် အုပ်ချုပ်ရေးကို ဦးဆောင်ခဲ့သည့် YevgenyBalitsky သည် ဒေသ၏ ယာယီအုပ်ချုပ်ရေးမှူး ဖြစ်လာမည်ဖြစ်သည်။ ရုရှားတပ်များသိမ်းပိုက်ပြီးနောက် ဒေသတွင်း လွတ်မြောက်နယ်မြေများတွင် စစ်ဘက်-အရပ်ဘက် အုပ်ချုပ်ရေးအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ယခင်က Kherson ဒေသ၏ စစ်ဘက်-အရပ်ဘက် အုပ်ချုပ်ရေးအကြီးအကဲ ဗလာဒီမာဆယ်လ်ဒိုသည် ဒေသ၏ယာယီအုပ်ချုပ်ရေးမှူး ဖြစ်လာခဲ့သည်။

ရုရှားနိုင်ငံသို့ ဝင်ရောက်ရန် မဲဆန္ဒရှင်များက ရွေးချယ်ခဲ့သည့် လူထုဆန္ဒခံယူပွဲအပြီးတွင် သမ္မတပူတင်နှင့်ဒေသလေးခုမှ အကြီးအကဲများသည် ရုရှားနိုင်ငံသို့ဝင်ရောက်ခြင်းဆိုင်ရာ သဘောတူစာချုပ်များကို စက်တင်ဘာ ၃၀ ရက်က ကရင်မလင်နန်းတော်၌ လက်ခံကျင်းပခဲ့သည့် အခမ်းအနားတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ Pushilin၊ Pasechnik၊ Balitsky နှင့် Saldo တို့သည် ဒေသလေးခုကိုယ်စား စာရွက်စာတမ်းများတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

**Putin appoints acting heads of four new Russian regions ကို ဘာသာပြန်ဆိုပါသည်။**

## ယူကရိန်းသမ္မတက ရုရှားသမ္မတနှင့်ညှိနှိုင်းရန်ငြင်းဆိုမှုသည် ယူကရိန်းအကျပ်အတည်းကို ပိုမိုဆိုးရွားစေ

ယူကရိန်းသမ္မတ ဇီလန်စကီးက ရုရှားသမ္မတပူတင်နှင့် စေ့စပ်ညှိနှိုင်းရန် ငြင်းဆိုမှုသည် ပဋိပက္ခပြင်းထန်စွာ တိုးမြင့်လာနေသည့် ယူကရိန်းအကျပ်အတည်းကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် ပိုမိုဆိုးရွားစေပြီး တူရကီ၏ကြိုးပမ်းမှုများကိုရပ်တန့်စေသည်ဟု တူရကီနိုင်ငံခြားရေးမူဝါဒဌာန ဒါရိုက်တာ Huseyin Bagci က TASS သို့ အောက်တိုဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

ဇီလန်စကီးနှင့် ပူတင်တို့ကြားတွေ့ဆုံပွဲအတွက် တူရကီသမ္မတ RecepTayyip Erdogan က ၎င်း၏နိုင်ငံကို ယခင်က အကြိမ်ကြိမ် ကမ်းလှမ်းခဲ့ဖူးကြောင်း ပြန်ပြောင်း ပြောပြခဲ့သည်။ ရုရှားသမ္မတနှင့် တူရကီသမ္မတတို့ စက်တင်ဘာ ၂၉ ရက်က ဖုန်းခေါ်ဆိုခဲ့မှုတွင် စေ့စပ်ညှိနှိုင်းမှုအတွက် နောက်ထပ်အခွင့်အရေးတစ်ခုပေးရန်တောင်းဆိုခဲ့ပြီး ယူကရိန်းတွင်ငြေလည်မှုရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း ကတိပြုခဲ့သည်။ Bagci က ယူကရိန်းသမ္မတသည် ရုရှားသမ္မတပူတင်နှင့် ဆွေးနွေးညှိနှိုင်းရေးကို လုံးဝငြင်းဆိုရန် ဆုံးဖြတ်ချက်ချခဲ့သည့်အပေါ် သံသယရှိနေသည် ဟုဆိုသည်။

"ဒီဆုံးဖြတ်ချက်ကြောင့် ယူကရိန်းသမ္မတဟာ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို အမှန်တကယ်ပိတ်ဆို့ခဲ့ပြီး မကြာမီအနာဂတ်မှာ ပဋိပက္ခဖြေရှင်းရေးအတွက် တူရကီရဲ့ ဖျန်ဖြေရေးကြိုးပမ်းမှုတွေကို ဆက်လက်လုပ်ဆောင်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ညှိနှိုင်းမှုတွေကိုလဲ လက်သင့်မခံပါဘူး။ ဆွေးနွေးညှိနှိုင်းမှုတွေ ထပ်မံလုပ်ဆောင်ဖို့ လိုပါတယ်။ ထုတ်ပြန်ချက်တွေနဲ့ဆုံးဖြတ်လို့ရတဲ့ ကိစ္စမျိုးမဟုတ်ပါဘူး။ အခြေအနေ ပိုဆိုးလာနိုင်ပါတယ်။ ဒီအပေါ်မှာ သံသယတွေရှိနေပါတယ်။ ယူကရိန်းအရေးကို သံခင်းတမန်ခင်းအားဖြင့်ဖြေရှင်းဖို့ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့က စေ့စပ်ညှိနှိုင်းမှုတွေအတွက် ထောက်ခံနေကြပေမဲ့ တကယ်လက်တွေ့မှာတော့ ဆန့်ကျင်ဘက်ဖြစ်တယ်။ တင်းမာမှုတွေ သိသိသာသာတိုးလာနိုင်ပါတယ်။ ဥရောပဟာ အေးတဲ့ဆောင်းရာသီကို နဖူးတွေ၊ ဒူးတွေ၊ ကြုံတွေ့ရအုံးမှာပါပဲ"ဟု Huseyin Bagci က သုံးသပ်ပြသည်။

ရုရှားခေါင်းဆောင် ဗလာဒီမာပူတင်နှင့်စေ့စပ်ညှိနှိုင်းမှု အကျိုးသက်ရောက်စေရန် အမျိုးသားလုံခြုံရေးနှင့်ကာကွယ်ရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ယူကရိန်းသမ္မတက အောက်တိုဘာ ၄ ရက်တွင် အတည်ပြုခဲ့သည်။ ရုရှားသမ္မတ ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရန် နှစ်ဦးနှစ်ဖက်ဆန္ဒရှိရန်လိုကြောင်း၊ ထို့ကြောင့် ရုရှားသည် ယူကရိန်း၏သမ္မတ စိတ်ပြောင်းသွားသည့်အချိန် သို့မဟုတ် ယူကရိန်း၏နောက်ထပ်သမ္မတအဖြစ် သဘောထားကွဲလွဲနေသည့်အချိန်ကို စောင့်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



**Zelensky's refusal to hold talks with Putin to aggravate Ukrainian crisis — expert ကို ဘာသာပြန်ဆိုပါသည်။**

## ပိုလန်လေပိုင်နက်ထဲသို့ပျံသန်းလာသည့် ရုရှားတိုက်လေယာဉ်လေးစင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့

ပိုလန်လေပိုင်နက်ထဲသို့ ဝင်ရောက်ပျံသန်းလာသော ရုရှားတိုက်လေယာဉ်လေးစင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး ထိုသို့ဟန့်တားရန် Eurofighter တိုက်လေယာဉ်များ အလျင်အမြန် စုစည်းစေလွှတ်ခဲ့ကြောင်း၊ ရုရှားတိုက်လေယာဉ်များကို ရုရှားနယ်မြေအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် တွန်းအားပေးခဲ့ကြောင်း အောက်တိုဘာ ၅ ရက်တွင် အီတလီလေတပ်က ပြောကြားခဲ့သည်။



ရောမပိုင်တိုက်လေယာဉ်များသည် NATO မစ်ရှင်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယခုနှစ် အစောပိုင်းက ပိုလန်တွင် စခန်းချနေခဲ့ခြင်းဖြစ်သည်။ ယူကရိန်းတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ဝေဟင်၌ထိပ်တိုက် ရင်ဆိုင်မှုများနှင့်အတူ မငြိမ်မသက် ဖြစ်လာလျက်ရှိသည်။

ပိုလန်နှင့်လစ်သူရေးနီးယားကြားတွင် တည်ရှိနေသည့် Kaliningrad နယ်မြေမှ ရုရှားလေယာဉ်အုပ် ထွက်ခွာပျံသန်းခဲ့ခြင်းလည်းဖြစ်သည်။ ပိုလန်ကောင်းကင်ယံကို ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း Aeronauti-caMilitare က ကြေညာခဲ့သည်။ ထို့နောက် ရုရှားတိုက်လေယာဉ်များသည် ဘောလ်တစ်ပင်လယ်ကိုဖြတ်ကာ ဆွီဒင်နိုင်ငံဘက်သို့ ဦးတည်သွားခဲ့သည်။

အီတလီသည် ပိုလန်နိုင်ငံ Malbork လေတပ်အခြေစိုက်စခန်းမှ Eurofighter Typhoon တိုက်လေယာဉ် လေးစင်းကို အလျင်အမြန်စေလွှတ်ခဲ့ပြီး ရုရှားတိုက်လေယာဉ်ကို ကြားဖြတ်ဟန့်တားကာ Kaliningrad သို့ပြန်သွားရန် တွန်းအားပေးနိုင်ခဲ့သည်ဟုဆိုသည်။

ရုရှားတိုက်လေယာဉ်များသည် ဆွီဒင်လေကြောင်းပိုင်နက်ကို ချိုးဖောက်ခဲ့ကြောင်း အီတလီလေတပ်က ပြောကြားခဲ့သော်လည်း နိုင်ငံတကာလေပိုင်နက်အတွင်း၌သာ ပျံသန်းခဲ့သည်ကို ဆွီဒင်တပ်မတော် သတင်းထုတ်ပြန်ရေးဌာနမှ ငြင်းဆိုထားခဲ့သည်။

ရောမ၏ တိုက်လေယာဉ်များသည် ယခုနွေရာသီတွင် NATO လေကြောင်းကင်းလှည့် ရည်မှန်းချက်တာဝန်အတွက် ပိုလန်တွင် စခန်းချနေခဲ့ခြင်းဖြစ်သည်။

ယူကရိန်းအရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိပြီး ယူကရိန်း၏ တန်ပြန်ထိုးစစ်များကြောင့် ရုရှားတပ်ဖွဲ့များ ဆုတ်ခွာပေးလိုက်ရချိန်၊ ရုရှားသမ္မတဗလာဒီမာပူတင်က အနောက်နိုင်ငံများကို နျူကလီးယား ခြိမ်းခြောက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့နေချိန်တွင် ယခုကဲ့သို့ တိုက်လေယာဉ်များ လေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်ပျံသန်းလာခြင်းလည်းဖြစ်သည်ဟု ဗြိတိန်အခြေစိုက် သတင်းစာတစ်စောင်က ရေးသားထားသည်။

**Four Russian fighter jets are intercepted after flying into Pol-ish air space ကိုဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

# ရေကြည်မြို့နယ်တွင် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီ၌ စပါးမျိုးကောင်းမျိုးသန့်စံပြစိုက်ကွက် ၃၆၅ ဧက စိုက်ပျိုးပြီးစီး



**ရေကြည် အောက်တိုဘာ ၇**

ရေဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက် ၃၆၅ ဧကစိုက်ပျိုးမှု ပြီးစီးပြီဖြစ်ကြောင်း ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှမျိုးနွယ်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး မျိုးကောင်းမျိုးသန့် စံပြစိုက်ကွက် ၃၆၅ ဧကကို ဇူလိုင်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမိုးစပါးစံပြစိုက်ကွက်များ အခက်အခဲမရှိစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပေါင်းစပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ ရေကြည်မြို့နယ်မှာ မျိုးကောင်းမျိုးသန့်စံပြစိုက်ကွက် ၃၆၅ ဧကစိုက်ပျိုးခဲ့ပါတယ်။ အဲဒီစံပြစိုက်ကွက်တွေ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးသွင်းအားစုတွေနဲ့ နည်းပညာတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့တယ်။ စံပြစိုက်ကွက်တွေ များများစိုက်ပျိုးနိုင်တဲ့အခါ ဒေသမှာ မျိုးကောင်းမျိုးသန့်စပါးတွေ အများအပြားစိုက်ပျိုးထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ အရည်အသွေးကောင်း စပါးတွေထုတ်လုပ်နိုင်ဖို့အတွက် နည်းပညာတွေ ပို့ချဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးနွယ်က ပြောပြသည်။

အဆိုပါ စံပြစိုက်ကွက်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာဆားဓာတ်ပါဝင်မှုစစ်ဆေးခြင်း၊ မြေဆီလွှာပြုပြင်ခြင်း၊ သစ်စိမ်းမြေဩဇာ ပိုက်ဆန်လျှော် ထည့်သွင်းစိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း၊ ရေကြည်မြို့နယ်တွင် ရွှေခရုကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ကြိုတင်စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုနှစ် ရွှေခရုကျရောက်ဖျက်ဆီးခြင်းမရှိကြောင်း ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းဆတ်မြို့နယ် ကျေးရွာနှစ်ရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဆတ် အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းဆတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တ ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၁ ဒသမ ၃၂ သန်းဖြင့်ဆောင်ရွက်သည့် ပါခါးကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ ပြည်နယ်ရန်ပုံငွေကျပ် ၆၀ ဒသမ ၆ သန်းဖြင့် ပါနန်(၁)ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို လည်းကောင်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီခြင်းရှိမရှိ တိုင်းတာစစ်ဆေးကြပြီး မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



မိုင်းဆတ်မြို့နယ် ပါခါးကျေးရွာ၌ အရှည်နှစ်မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ပါနန်(၁)ကျေးရွာ၌ အရှည်သုံးမိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဇွန်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် သောက်သုံးရေ လုံလောက်စွာ ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# နတ်တလင်းမြို့နယ် မှန်တန်းကြီးစံပြကျေးရွာ၌ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နတ်တလင်း အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးကြပ်၍ မှန်တန်းကြီးစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး(RBF)ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မွေးမြူရေးလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင့်သူ၊ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် ဝန်ထမ်းများက စီမံကိန်းကော်မတီဝင်များနှင့်အတူ မှန်တန်းကြီးကျေးရွာ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်နှင့်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော စီမံကိန်းလုပ်ငန်းအဖွဲ့များ၊ ရပ်မိရပ်ဖများက မွေးမြူရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးဝင်းနိုင်ထွန်းက ပြောပြ၍ သိရသည်။ **သန္တာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၇-၁၀-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၀၄၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၀၅၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့ကို သီးထပ်၊ သီးညှပ် စိုက်ပျိုးကြရန်လို၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်ခြင်းဖြင့် တိုင်းပြည်ဝင်ငွေရရှိပြီး စီးပွားရေးကောင်းမွန်လာမည်ဖြစ်၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို မြစ်ရေတင်လုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကမြစ်ရေတင်စီမံကိန်းများဆောင်ရွက်လိုပါက စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်. . .

**One Region One Product**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲများကို နှစ်စဉ်အားကစား ပြက္ခဒိန်ရေးဆွဲပြီး ကျင်းပပေးလျက်ရှိကြောင်း၊ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအဖြစ် ဘောလုံး(ကျား)၊ ဘော်လီဘော (ကျား၊မ)၊ ပိုက်ကျော်ခြင်း(ကျား)၊ ဖူဆယ် (ကျား)၊ လွန်ဆွဲ(ကျား၊ မ)၊ ထုပ်ဆီးတိုး(မ)၊ ...

အပြေး(ကျား၊မ) ပြိုင်ပွဲများအဖြစ် အားကစားနည်း ခုနစ်နည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ပြောကြားသည်။ ...

# တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကု ...



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို ကြည့်ရှုအားပေးစဉ်။

... အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအားပေးစကားပြောကြားပြီး စားသောက် အပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များ ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်သည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု ပေးခဲ့ကြောင်း သတင်းရရှိသည်။

... သည့်နည်းတူ ရခိုင်ရိုးမ အမ်းတောင်တန်း ပြည်ထောင်စုလမ်းမကြီးပေါ်၌ ကား၊ ဆိုင်ကယ်ဖြင့် ရက်တို၊ ရက်ရှည် အပန်းဖြေခရီးစဉ်အဖြစ် ရင်သပ်ရှုမောဖွယ်တောတောင် သဘာဝအလှ၊ ရိုးမအလှနှင့်အမ်းမြို့အလှတို့ကို နိုဝင်ဘာလပွင့်လင်းရာသီတွင် စိတ်လက်ပေါ့ပါးစွာ ကြည့်ရှုခံစားနိုင်ရန် ခရီးသွားလုပ်ငန်းများက ဖိတ်ခေါ်လျက်ရှိပြီး ရခိုင်ပြည်နယ်၏ အမ်းရိုးမတောင်တန်းမှ သဘာဝတောတောင်အလှများကလည်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကိုထိရောက်စွာ လျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂(Myanmar Rice Conference - 2022) အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်းကျင်းပသော မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ဒုတိယနေ့အဖြစ်ယနေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း(ဇဟိုဌာန-၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဝန်ကြီးများ၊ ဆန်စပါးကဏ္ဍမှပညာရှင်များနှင့် လုပ်ငန်းရှင်များတက် ရောက်ကြသည်။



ဆန်စပါးညီလာခံ၏ဆွေးနွေးပွဲများတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆန်စပါးစိုက်ပျိုးရေးနှင့် မျိုးစေ့ထုတ်လုပ်မှုနှင့်ပတ်သက်သည့် စာတမ်းများကိုလည်းကောင်း၊ ဆန်စပါးဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲခြင်းနှင့် တန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစာတမ်းများကိုလည်းကောင်းဖတ်ကြားခဲ့ကြပြီး စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် လက်တွေ့စပါးစိုက်ပျိုးနေသည့် တောင်သူလယ်သမားကိုယ်စားလှယ်များက လက်ရှိဆောင်ရွက်နေမှု၊ ကြုံတွေ့နေရသည့်အခက်အခဲများနှင့် ဆန်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရက ပံ့ပိုးကူညီပေးစေလိုသည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆန်စပါးကုန်သွယ်မှုနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် ခေတ်အဆက်ဆက် မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဆန်စပါးကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏အခန်းကဏ္ဍများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy)နှင့် ဆန်စပါးကဏ္ဍဆိုင်ရာ ပို့ကုန်မဟာဗျူဟာတို့နှင့်စပ်လျဉ်းပြီး လက်တွေ့တာဝန်ယူဆောင်ရွက်နေသည့်ဌာနများမှ အကြီးတန်းအရာရှိများက စာတမ်းများဖတ်ကြားတင်ပြကြသည်။ အဆိုပါစာတမ်းများနှင့်ဆက်စပ်ပြီး သုံးသပ်ဆွေးနွေးခြင်းနှင့် စကားဝိုင်းဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ရာ အစိုးရဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြပြီး အကြံပြုချက်များတင်ပြခဲ့ကြသည်။

"နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့"ဟူသော ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၆ ရက်မှ ၇ ရက်ထိ နှစ်ရက်ကြာကျင်းပခဲ့သည့် မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ သို့ သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ စုစုပေါင်းဦးရေ ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ညီလာခံကျင်းပသည့် နှစ်ရက်အတွင်း ကဏ္ဍအလိုက် ဆွေးနွေးမှုများမှ ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် ဒေသနှင့် ကိုက်ညီပြီး ဈေးကွက်ကြိုက်နှစ်သက်သည့် မျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးသွားရေး၊ တောင်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများဝယ်ယူရရှိနိုင်ရေး၊ အရည်အသွေးပြည့်မီသောဆန်များ တင်ပို့နိုင်ရေးအတွက် ဆန်စက်များအဆင့်မြှင့်တင်ရေး၊ ပြောင်းလဲနေသော ပို့ကုန်ဈေးကွက်နှင့်ကိုက်ညီသည့် အမျိုးသားပို့ကုန်မဟာဗျူဟာကို ပြန်လည်သုံးသပ် အကောင်အထည်ဖော်သွားရေး၊ ပို့ကုန်တိုးမြှင့်ရေးအတွက် ပြည်ပသို့ ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခြင်းကို အစိုးရဌာနများနှင့်ပူးပေါင်းဆောင်ရွက်ရေး အစရှိသည့်အချက်များအပါအဝင် အစိုးရနှင့်ပုဂ္ဂလိကတို့ပူးပေါင်းပြီး မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားရမည့် သုံးသပ်ချက်များကိုဖော်ထုတ်ရရှိခဲ့ပြီး မွန်းလွဲပိုင်းတွင် ညီလာခံကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စပါးသီးနှံမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက ကဏ္ဍ၏ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်တွင်းပြည်ပဈေးကွက်အတွက် အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသော စပါးသီးနှံ၏ အထွက်နှုန်း၊ အရည်အသွေးနှင့် အာဟာရဆိုင်ရာသုတေသနလုပ်ငန်းများ၊ စပါးသီးနှံမျိုးမွေးမြူခြင်းလုပ်ငန်းများ၊ ဗီဇသန့်စင်သော မျိုးကောင်းမျိုးသန့်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလေ့လာရန် မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂သို့ တက်ရောက်လာကြသော မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနစိုက်ကွင်းများကို သွားရောက်လေ့လာကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဖြည့်စွက်ဆွေးနွေးသည်။

စိုက်ကွင်းရှင်းလင်းဆောင်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက စပါးသီးနှံ မိဘမျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မိဘမျိုးစေ့ဖြန့်ဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နည်းပညာနှင့်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်ရှိသော မိမိတို့ဝန်ကြီးဌာနနှင့် အရင်းအနှီးရှိနေသော ပုဂ္ဂလိကအသင်းအဖွဲ့များနှင့်စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးတိုးမြှင့်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိရာ ကျရာအခန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ လိုအပ်ချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မိဘမျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးထားရှိသော ထွန်းပု၊ ဆင်းသုခ၊ ကရင်မထိပ်ဆောင်း၊ ငစိန်ရာကျော်မျိုးများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ရာသီအလိုက် သီးပွင့်မှုမှ သက်တမ်းအလိုက် သီးပွင့်သောမျိုးများအဖြစ် ဇီဝနည်းပညာအသုံးပြုပြောင်းလဲထားသော ပေါ်ဆန်းမွှေးနှင့် အင်းမရဲဘော်စပါးမျိုးများ မျိုးပွားစိုက်ခင်းကိုလည်းကောင်း၊ အခြားသောရာသီစပါးမျိုးများ ဒေသစပါးမျိုးများ မျိုးသန့်မျိုးပွားခြင်းစိုက်ခင်းများ၊ မျိုးထိန်းစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် ၁၉၅၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ စပါးသီးနှံမိဘမျိုး ၁၅ မျိုးကို ထုတ်လုပ်ပေးခဲ့ပြီး ဆည်ရေသောက်စပါး ၃၃ မျိုး၊ မိုးရေသောက်စပါး ၃၆ မျိုး၊ ရေငတ်ခံစပါး ရှစ်မျိုး၊ ရေအနည်းလိုစပါး ကိုးမျိုး၊ တောင်ပေါ်ယာစပါး ခုနစ်မျိုး၊ ရေနက်စပါး ရှစ်မျိုး၊ ရေမြုပ်ခံစပါး သုံးမျိုး၊ ဆားငန်ခံစပါး ကိုးမျိုး၊ အရည်အသွေးကောင်းစပါး ၁၄ မျိုး၊ ရေနေခံတစ်မျိုး စုစုပေါင်းစပါးသီးနှံမျိုးစပါး ၁၂၈ မျိုးကိုထုတ်ဝေပေးပြီးဖြစ်ကြောင်း၊ ဒေသစပါးမျိုးများဆိုင်ရာ သုတေသနလုပ်ငန်းနှင့် မျိုးထုတ်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာဒေသများရှိ သုတေသနခြံတွင် ဆောင်ရွက်လျက်ရှိပြီး ပြည်ပဈေးကွက်က တောင်းဆိုမှုရှိသော စပါးမျိုးများတိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်မျိုးသန့်မျိုးပွားခြင်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိက မျိုးစေ့အသင်းအဖွဲ့များ၊ မျိုးစေ့လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့် ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါတွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

☐ **သီတင်းကျွတ်ပွဲတော်မှ**

မန္တလေးမြို့တော်သူ၊ မြို့တော်သားများ ပါဝင်ဆင်နွှဲနိုင်ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| **နေ့ရက်** | - | ၈-၁၀-၂၀၂၂(စနေနေ့) |
| | | ၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် |
| | | ၉-၁၀-၂၀၂၂(တနင်္ဂနွေနေ့) |
| | | ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ |
| **အချိန်** | - | ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲထိ |
| **နေရာ** | - | ရတနာပုံဥယျာဉ်အတွင်း အရှေ့ဘက်ခြမ်း |
| | | (၆၆လမ်း၊ ၂၆ လမ်းနှင့် ၁၂ လမ်းကြား) |
| **ယာဉ်ရပ်နားရန်** | - | ၆၆ လမ်းပေါ်(အတွင်းလမ်း)၊ |
| | | ၂၆ လမ်းနှင့် ၁၂လမ်းကြား |
| **ဖျော်ဖြေရေး** | - | မြို့မတေးဂီတအဖွဲ့(မြောက်ဘက်ခြမ်း) |
| | - | ကျောက်ဆည်ဆင်အက(မြောက်ဘက်ခြမ်း) |
| | - | မန်းစည်ပင်တေးဂီတအဖွဲ့(တောင်ဘက်ခြမ်း) |
| | - | ရိုးရာအကဖြင့်ဖျော်ဖြေတင်ဆက်ခြင်း |
| **ညှော်စံကျွေးမွေးရေး** | - | စတုဒိသာမဏ္ဍပ်များ |

**အစီအစဉ်**

# နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)များကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများ မရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါနိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများကို သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) အသက် ၁၀ နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့်ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန်လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များကွဲလွဲမှုရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

(င) နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်း မပြုရ၊ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

(စ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (အမတ) ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်ကို အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး၊ ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ ဖြေရှင်းရမည်။

(ခ) ပုံစံ ၆၆/၆ (အထစ)တွင်ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေဖြည့်သွင်းရမည်။

(ဂ) ပုံစံ ၆၆/၆ (အထစ) အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ- နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ ၁-၁၁-၂၀၂၂ ရက်ထိ ပုံစံ ၆၆/၆ (အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

(င) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များ (ပြောင်းဝင်၊ ပြောင်းထွက်၊ မွေးဖွား၊ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

(စ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ် လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုး ကိုင်ဆောင်သူ ၅၂ သန်းကျော်ကို စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

# ပြည်သူလူထုလုံခြုံရေးအတွက် ဖုန်း SIM Card များ မှတ်ပုံတင်ခြင်းကို ပြန်လည်စစ်ဆေးမည်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့်အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည့်အတွက် သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏မှတ်ပုံတင်**(မူရင်း)**ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာဖြည့်စွက်၍ စနစ်တကျမှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန်လိုအပ်ပါသည်။ လက်ရှိအသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Cardများကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်းSIM Card များရှိ လက်ကျန်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များ ရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များ မှန်ကန်စွာပြန်လည်ပြင်ဆင်မှတ်ပုံတင်ရာတွင်လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် မိမိတို့၏ SIM Card အသုံးပြုသူများထံသို့ SMS ပေးပို့၍ သတိပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိအသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက်မှန်ကန်စွာမှတ်ပုံတင်ထားခြင်းရှိ၊ မရှိ ပြန်လည်စစ်ဆေး၍ မမှန်ကန်ပါက မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ မရှိစေရေး မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် အချက်အလက်များပြည့်စုံစွာဖြည့်စွက်နိုင်ရန်လိုအပ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများတိုးတက်လာသည်နှင့်အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင် မသမာသူများမှ အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့ကိုအသုံးချ၍ မသမာသည့်နည်းလမ်းဖြင့် တရားမဝင် ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို မှန်ကန်ပြည့်စုံစွာဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန်လိုအပ်လျက်ရှိပါသည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကို National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများ ကောင်းစွာသိရှိခြင်း (Electronic - Know Your Customer (e-KYC)) လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆင်းမ်ကတ်နံပါတ်တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ် (SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများကို ကောင်းစွာသိရှိခြင်း (KYC)အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများကို အပြီးတိုင်ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသော ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်စနစ် ဝန်ဆောင်မှုလုပ်ငန်း စသည့် မိုဘိုင်းငွေပေးချေမှုအသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ်(Agent)များ၊ ဘဏ်များသို့သွားရောက်၍ မိမိတို့၏ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2)အဆင့်သို့ ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ အဆင့်မြှင့်တင်ရန်လိုအပ်ပါသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအနေဖြင့် KYC ကို Level 1 မှ Level 2 သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးစွဲသူများထံသို့ SMS ပေးပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆင့် ၂ (Level 2)သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့်နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲတွင် မိုင်းနောင်တပ်နယ်အသင်းက ဒိုင်းဆုရရှိ

**နေပြည်တော် အောက်တိုဘာ ၇**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ ဒိုင်းဆုကို မိုင်းနောင်တပ်နယ် အသင်းက ရရှိသွားကြောင်း သိရသည်။

အဆိုပါ မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲ အမျိုးအစားအလိုက် ဆုရရှိသူများ၊ အသင်းလိုက်ဆုများ၊ ဒိုင်းဆုရရှိသော မိုင်းနောင်တပ်နယ်အသင်းကို တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုများနှင့် ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒိုင်းဆုရရှိသည့် မိုင်းနောင်တပ်နယ် အသင်းကို ဆုပေးအပ် ချီးမြှင့်စဉ်။

# မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကျင်းပပြုလုပ်




မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးတို့ အစမ်းအနားတက်ရောက်လာသူများနှင့် ရုပေါင်း ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းရှိ ရတနာမွန်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဆရာ၊ ဆရာမများက ဗိုဆရာ သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် ကမ္ဘာ့ဆရာများနေ့သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များကပေးပို့သော စုပေါင်း သဝဏ်လွှာကို မွန်ပြည်နယ်ပညာရေးမှူးက ဖတ်ကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ဆုရရှိသူ၊ ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ဆရာ၊ ဆရာမများက မြတ်ဆရာသီချင်းဖြင့် သီဆိုဖျော်ဖြေကြကာ သီဆိုဖျော်ဖြေခဲ့ကြသည့် ဆရာ၊ ဆရာမများအား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၃) ဆင်းပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၇**

နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ တိုင်းရင်းသားအမျိုးသမီးငယ်များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူမှုစီးပွား ဘဝ တိုးတက်မြင့်မားလာစေရန်၊ အမျိုးသမီးများ အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာများကို တတ်မြောက် ကျွမ်းကျင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်ထိ လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၃)ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကိုပေးအပ်ရာ သင်တန်းသူ တစ်ဦးက လက်ခံရယူသည်။ ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသော သင်တန်းသူများကို တာဝန် ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် သင်တန်းသူတစ်ဦးက သင်တန်းသူများကိုယ်စား ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက သင်တန်း ဆင်းဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး သင်တန်းကာလအတွင်း သင်ကြားပို့ချခဲ့မှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများ၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ လက်မှုအနုပညာလက်ရာများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်အသီးသီးမှ သင်တန်းသူဦးရေ ၃၀ ဖြင့် ၂၀၂၂ ခုနှစ် မေ ၉ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ငါးလ (၂၂ပတ်)ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်းတွင် စက်ချုပ်ပညာ၊ ဇာထိုးပန်းထိုးပညာ၊ မုန့်မျိုးစုံလုပ်နည်းနှင့် ဟင်းလျာမျိုးစုံ ချက်ပြုတ်နည်းတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့တွင်လည်း အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၂) ဆင်းပွဲကို ကျင်းပပြုလုပ်ရာ တပ်နယ်မှ တပ်နယ်မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းသူဦးရေ ၃၀ ကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၃) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

# အောက်တိုဘာ ၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၇၆ ဦးတွေ့ရှိပြီး ယနေ့ နှစ်ဦးသေဆုံး

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၅၈၇၃ ဦး |
| သေဆုံးသူ | ၁၉၄၆၆ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၅၉၉၈၈၈ ဦး |

**နေပြည်တော် အောက်တိုဘာ ၇**

အောက်တိုဘာ ၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၂၂၀၀ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၇၆ ဦး တွေ့ရှိပြီး ယနေ့ နှစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် မဲစာရင်းများမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ မဲစာရင်းများ မှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ ဆန္ဒမဲပေးနိုင်ရေးနှင့် မဲစာရင်းများပြည့်စုံမှန်ကန်ရေးအတွက် အခြေခံလူဦးရေစာရင်းများ စိစစ်ဆောင်ရွက်ကြရာတွင် မြို့နယ်အသီးသီး၌ ပြောင်းရွှေ့ဝင်ရောက်လာသူများ၊ ပြောင်းရွှေ့ထွက်ခွာသွားသူများ၊ သေဆုံးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ( ၆၆/၆ )ရရှိပြီး ဥပဒေနှင့်အညီ နေထိုင်သူများကိုစိစစ်၍ မဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် အခြေခံရမည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့မှ လစဉ်တိုက်ဆိုင်စစ်ဆေးကြရန် လိုအပ်ကြောင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ မဲစာရင်းများမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းများပြုစုရာတွင် ကော်မရှင်က သတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်သည့် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ စတင်ဆောင်ရွက်ခဲ့ပြီး စိစစ်ပြီးသည့် အခြေခံမဲဆန္ဒရှင်စာရင်းများ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့က လစဉ် Update ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများမှာ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင်ပါဝင်ရန် ပုံစံ(၆၆/၆) ရှိကြရမည်ဖြစ်ပြီး ပုံစံ(၆၆/၆)ရှိသည့် မိမိနေထိုင်ရာဒေသ မဲစာရင်းတွင် ပါဝင်မည်ဖြစ်ကြောင်း၊ ပုံစံ (၆၆/၆) မရှိပါက မဲစာရင်းတွင် ပါဝင်မည်မဟုတ်သကဲ့သို့ မဲပေးခွင့်ရရှိမည်မဟုတ်ကြောင်း၊ ထို့ပြင် ဆန္ဒမဲပေးခွင့်ရရန် နိုင်ငံသားစိစစ်ရေးကတ်ရှိရန်လိုကြောင်း၊ သက်ဆိုင်ရာဌာနများက မဲဆန္ဒရှင်ပြည်သူများ ပုံစံ(၆၆/၆) ရရှိရေး၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးတို့ကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင်၊ ဒက္ခိဏသီရိခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စက်တင်ဘာလထိ တင်ပြရာ -

**၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက်အရ**

(က) သေဆုံး၊ ပြောင်းထွက်၊ ၂ ကြိမ်ထပ်၊ ၃ ကြိမ်ထပ် တို့မှလျော့သည့် ဦးရေ ၃၄၃၂ ဦး၊

(ခ) နိုင်ငံသားစိစစ်ရေးကတ် ဖြည့်သွင်းမှု ၂၂၅ ဦး၊

(ဂ) အခြားမြို့နယ်မှ ပုံစံ (၆၆/၆)အသစ်ပြောင်းဝင် ၃၀၁ ဦး၊

(ဃ) မြို့နယ်အတွင်း ပုံစံ(၆၆/၆)အသစ်ထပ်တိုး ၃၆၉ဦး၊

(င) လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန လက်ကျန်စာရင်းမှ ဖြန့်လည်ထည့်သွင်းသည့် ထပ်တိုး ၃၉၄၁ ဦး၊

**၂။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ စိစစ်ချက်အရ**

(က) မြေပြင်တွင်ထပ်တိုး

(၁) ပုံစံ (၆၆/၆) ရှိသူ ၂၃၀၆၉ ဦး၊

(၂) ပုံစံ (၆၆/၆) အခြားတွင်ရှိသူ ၁၉၀၆ ဦး၊

(၃) ပုံစံ (၆၆/၆) မရှိသူ ၇၉၄ ဦး

စုစုပေါင်း ၂၅၇၆၉ ဦး၊

(ခ) မြေပြင်တွင် လျော့သည့် ဦးရေ

(၁) ပုံစံ (၆၆/၆) ရှိသူ ထဲမှ ၃၉၀၃ ဦး၊

(၂) ပုံစံ(၆၆/၆) အခြားတွင် ရှိသူ ၈၃၂ ဦး၊

(၃) ပုံစံ(၆၆/၆) မရှိသူ ၈၃၈ ဦး

စုစုပေါင်း ၅၅၇၃ ဦး ရှိကြောင်း၊

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက် လျာထားမှု ၆၅၃ ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့ကို တင်ပြဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူးက လူဦးရေစာရင်းများ စိစစ်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ တာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင်က ရွှေ့ပြောင်းစီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့၏ စုစုပေါင်းလူဦးရေစာရင်း ၁၅၀၀၂၇၆ ဦးတွင် စိစစ်လိုက်သောအခါ မြေပြင်တွင် နေထိုင်သူ ၉၉၅၃၂၉ ဦး ဖြစ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပုံစံ (၆၆/၆) ဖြင့် မှတ်ပုံတင်ရှိပြီး ဥပဒေနှင့်အညီနေထိုင်သူ ၈၉၇၃၅၂ ဦး ဖြစ်ကြောင်း စက်တင်ဘာလကုန် စိစစ်ချက်အရ မြေပြင်တွင်နေထိုင်သည့် လူဦးရေ ၁၀၁၆၇၁၀ တွင် ဥပဒေနှင့်အညီ နေထိုင်သူ ၉၁၇၀၄၃ ဦးဖြစ်သဖြင့် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ အိမ်ထောင်စုဇယားပုံစံ (၆၆/၆) များ ပြောင်းရွှေ့လာသောကြောင့် လူဦးရေစာရင်း တိုးခဲ့ခြင်းဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဝန်ထမ်းများ အများစုနေထိုင်ကြပါကြောင်း၊ ရွေးကောက်ပွဲဥပဒေနှင့်အညီ မဲပေးခွင့်ရရှိရန် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားပုံစံ (၆၆/၆) ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် အိမ်ထောင်စုဇယားပုံစံ(၆၆/၆)များ ပြောင်းရွှေ့ရန် ညွှန်ကြားချက်အရ ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ပုံစံ(၆၆/၆)များ ပြောင်းရွှေ့ဝင်ရောက်လျက်ရှိကြောင်း၊ ထိုသို့ပြောင်းရွှေ့ရာတွင် အခက်အခဲ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ကူညီဆောင်ရွက်ပေးရန် မှာကြားထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး ဆောင်ရွက်မှုလုပ်ငန်း အောင်မြင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲများ၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ဖြည့်စွက်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးတာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးနေလင်းအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

0w Kv d @

# အဖေနှင့် စုဘူးလေး

လွန်းနှင်းဆီခိုင်




(၁)

"သားရေ သား မောင်ဖိုးလုံး"

ကျွန်တော့်ကို အနောက်ကနေလှမ်းခေါ်နေတာကို ကျွန်တော် ကြားပါလျက်နဲ့ မကြားသလို ဆက်လျှောက်လာခဲ့တယ်။ မိုးစက်တချို့က ခပ်ဖွဲဖွဲလေးကျချင်နေတယ်။ ကျွန်တော် ကျောပိုးအိတ်ကိုလွယ်ပြီး ကျောင်းကိုအမြန်ရောက်ဖို့ ခပ်သုတ်သုတ်လျှောက်လာခဲ့တာပါ။ အငယ်မလေး မိနှင်းနဲ့ မိစုက ထီးတစ်ချောင်းနဲ့သွားနှင့်ပြီဖြစ်တယ်။ မနေ့က ကျောင်းအပြန်လမ်းမှာ မိုးကောလေပါကျနေတော့ ကျွန်တော့်ခိုထီးလေး ကိုင်းတစ်ချောင်းကျိုးသွားပြီမို့ မပြင်ရသေးတဲ့အတွက် အိမ်မှာထားခဲ့တာဖြစ်တယ်။ ကျွန်တော့်အသက်က ၁၆ နှစ်လူပျိုပေါက်။ ဆယ်တန်းကျောင်းသား ကျွန်တော်။ အမှန်ပြောရရင် လူပျိုစိတ်ဝင်နေပြီမို့ လှချင်တယ်။ ဝတ်ကောင်းစားလှဝတ်ချင်တယ်။ တခြားဟာကိုမပြောဘူး။ အရောင်မွဲနေပြီဖြစ်တဲ့ထီးအစုတ်ကြီးကို ဆောင်းရမှာ ရှက်တတ်နေပြီ။ မနေ့ကတော့ မိုးထဲလေထဲ ထီးစုတ်ကြီးကိုင်းကျိုးသွားလေတော့ ကိစ္စအေးသွားခဲ့ပြီဖြစ်တယ်။

"ဖိုးလုံး သားရေ ဒီမှာထီးယူသွားလေ ငါ့သား။ ဘယ်နားထားမိမှန်းမသိလို့ မယူသွားတာမို့လား ရော့ ရော့ တော်ကြာ မိုးမိမယ်"

ကျွန်တော်တမင်ထားခဲ့တဲ့ ထီးစုတ်ကြီးကိုကိုင်ပြီး အနောက်ကနေ ခြေတစ်ဖက် ထော့နင်းထော့နင်းနဲ့ အဖေအမီလိုက်လာပါတော့တယ်။ ဒေါသတို့ဟာ ရုတ်ခြည်းမြင့်တက်လာပြီး ရန်လိုတဲ့အကြည့်နဲ့ အဖေ့ကို လှည့်ကြည့်လိုက်တယ်။

"မလိုချင်လို့ထားခဲ့တာဗျာ ဘာလို့မရမကလိုက်ပေးနေတာလဲ။ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်။ မိုးမိရုံမကလို့ မိုးကြိုးပဲပစ်ပစ် အဖေ့ကိစ္စမပါဘူး"

ကျွန်တော် အော်ငေါက်လိုက်တော့ အဖေ ဆက်လိုက်မလာဘဲ ရပ်ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော် သိပ်မုန်းတယ်။ ကျွန်တော့်အဖေကို ကျွန်တော် တအားမုန်းတယ်။ ညာဘက်ခြေသလုံးပေါ်ကို သစ်တုံးပြုတ်ကျခဲ့ဖူးလို့ မသန်စွမ်းဖြစ်သွားတဲ့ အဖေကိုမုန်းတယ်။ မနက်တိုင်း ပဲပြုတ်တောင်းခေါင်းပေါ်ရွက်ပြီး ရွာစဉ်လှည့်ရောင်းရရှာတဲ့ အမေ။ ကျောင်းဆင်းချိန်လမ်းထိပ်ကဆန်ဆိုင်မှာ နေ့တစ်ပိုင်း ဆန်ရောင်းရတဲ့ ကျွန်တော်။ အဆော့နဲ့ အစားလောက်ပဲသိတဲ့ ကျွန်တော့်အောက်က ညီမလေးနှစ်ယောက်။ ကျွန်တော်တို့ဘဝတွေက တအားစုတ်ပြတ်နေတာမဟုတ်ပေမဲ့ သူများနဲ့တန်းတူမညီခဲ့တာတော့ အမှန်ပါပဲ။

ကျွန်တော်ငယ်စဉ်က အတန်းစဉ်တိုင်းမှာ အဆင့်တစ်ရခဲ့တဲ့သူပါ။ ကျွန်တော် ခြောက်တန်းနှစ်လောက်မှာ အဖေခြေထောက်ဒဏ်ရာရပြီး သစ်စက်ကနေ အလုပ်နားလိုက်ရတယ်။ အဲဒီအချိန်ကစလို့ ကျွန်တော်တို့ မိသားစု စီးပွားရေးကျပ်တည်းခဲ့ကြတယ်။ ဒီနှစ်ဆယ်တန်းကို ကျွန်တော်ကျူရှင်မယူနိုင်ခဲ့ဘူး။ ကျူရှင်မယူနိုင်တဲ့အပြင် နေ့တစ်ဝက် ဆန်ဆိုင်မှာအလုပ်လုပ်ရသေးတယ်။ လာဝယ်တဲ့ တစ်ပြည်သား၊ နှစ်ပြည်သားတွေကို ခြင်တွယ်ပေးရသလို အိတ်လုံးဝယ်တဲ့သူတွေကိုတော့ အိမ်အရောက် ဆိုင်ကယ်နဲ့ပို့ပေးရပါတယ်။ လဆန်းရက်ဆို အိတ်ဆွဲသမားတွေများလို့ အလုပ်လုပ်ရတာ တအားပင်ပန်းပြီး ညဘက်ဆို တစ်ကိုယ်လုံးကိုက်ခဲလို့နေတတ်တယ်။ အဲဒီအချိန်တိုင်း ဆေးပူဆေးပြင်းတွေလိမ်းရင်း ခြင်ထောင်ထဲမှာ မျက်ရည်ကျမိတယ်။ ကျွန်တော် ဒီနှစ်ဆယ်တန်းစာမေးပွဲအောင်ပါ့မလား။ စာတွေက လိုက်မမီတော့ပေ။ စာမေးပွဲနားနီးရင် သုံးလပြတ်အနီးကပ်တက်၍ တော်တော်လေးကြိုးစားရပါမယ်။ အဲဒီအတွက် ပိုက်ဆံလေးတွေခြစ်ကုတ်ပြီး ကျွန်တော်စုထားတာ ပြည့်လုနီးပါးဖြစ်နေပါပြီ။

ကျွန်တော့်အိပ်ရာခေါင်းရင်းက စင်လေးပေါ်မှာ ဝါးကွက်ရုပ်စုဘူးလေး တင်ထားတယ်။ မိစုနဲ့မိနှင်းကို လက်နဲ့တောင်မတို့မထိဖို့ မှာထားရတယ်။ ထီးလိုနေပေမဲ့ မဝယ်ခဲ့ပေ။ နောက်နှစ်လဆို ကျွန်တော် ဆန်ဆိုင်ကအလုပ်ထွက်ပြီး ကျူရှင်သုံးလပြတ်တက်ရတော့မှာဖြစ်တယ်။ မသန်စွမ်းဖြစ်နေတဲ့အဖေက ဘယ်မှာမှ အလုပ်မရ၍ အိမ်မှာနေပြီး ထမင်းချက်၊ အဝတ်လျှော် အမေ့အတွက် ညပိုင်းပဲပြုတ်ပေးတယ်။ အရင်က အဖေ့ကို မကျေနပ်စိတ်မဖြစ်ခဲ့ပေမဲ့ ကျောင်းမှာ လပတ်စာမေးပွဲ Reportcard ပေးတိုင်း အမှတ်လေး၊ ငါးဆယ်ကျော်ကျော်ပဲရရှိတော့တဲ့ ကျွန်တော့်အမှတ်စာရင်းကိုကြည့်ပြီး အားမရတော့သလို အဖေ့ကိုလဲ မကျေမနပ်ဖြစ်မိတယ်။ တကယ်လို့သာ တစ်ဖက်တစ်လမ်းက အဖေသာ မိသားစုအတွက် ငွေရှာပေးနိုင်ခဲ့ရင် ကျွန်တော်လဲ အလုပ်ထွက်လုပ်စရာမလိုဘဲ ကျူရှင်တက်ခွင့်ရမှာဖြစ်တယ်။ အခုတော့ နေသာသလို နေတတ်တဲ့အဖေ့ကို မရှိသေချင်တော့သလို စိတ်နာလာမိတယ်။ အဖေကမေးရင် ဖြေချင်မှဖြေတယ်။ စကားအကောင်းလဲ ကျွန်တော်ပြန်မပြောတော့ပေ။

(၂)

ကျွန်တော် ကျောင်းကိုရောက်ရုံရှိသေးတယ်။ မိုးမှာ သဲကြီးမဲကြီးပြိုဆင်းလို့ လာလေတော့တယ်။ မနေ့ကတည်းကရွာထားတဲ့ မိုးရေလက်ကျန်တွေက မြောင်းတွေမှာ အကုန်ပင်မစီးဆင်းနိုင်သေးပေ။ လေကောမိုးပါ တစ်မုဟုတ်ချင်းရွာချလိုက်ရာ အနိမ့်ပိုင်းရပ်ကွက်ဖြစ်တဲ့ ကျွန်တော်တို့ရပ်ကွက်လေးမှာ ရေတွေ အဆမတန်လွှမ်းမိုးလာပါတော့တယ်။ ပိုဆိုးတာက ကျွန်တော်တို့အိမ်ရှိရာလမ်းဟာ ဒယ်အိုးပုံသဏ္ဍာန်ချိုင့်ဖြစ်နေသောလမ်းဖြစ်တဲ့အပြင် ချောင်းရိုးတစ်ခုက ကျွန်တော်တို့ခြံဝင်းရဲ့ခေါင်းရင်းမှ စီးဆင်းနေတာဖြစ်တယ်။ မိုးအနည်းငယ်များတာနဲ့ ချောင်းရေက ခြံဝင်းအတွင်းဝင်ရောက်နေပြီး ခြံစည်းရိုးတွေလဲ မကြာခဏရေတိုက်စား၍ မျောပါသွားတတ်ကြတယ်။ သာမန်ရေလျှံမှုမျိုးဖြစ်ပါက ကျွန်တော် အပါအဝင် ညီမလေးနှစ်ယောက်ပါ ရေစပ်စပ်ထဲဆင်းလို့ မရွံမရှာ ရေကစားတတ်ကြပါသေးတယ်။ ချောင်းရေတအားများလာရင် ရေစီးသန်လာပြီး လူပါမျောပါနိုင်တဲ့အတွက် အဲဒီအချိန်မှာ အိမ်ပေါ်ကနေ အိမ်အောက်ကို မဆင်းရဲတော့ပါ။ မိုးမှာ တဖြည်းဖြည်းပိုများလာပြီး ကျောင်းဝင်းတစ်ခုလုံးတောင် ရေအတိဖုံးလွှမ်းလာပါတော့တယ်။

"ကျောင်းသားတွေ အိမ်ပြန်လို့ရပြီနော်။ အငယ်တန်းလေးတွေကတော့ အိမ်ကမိသားစုဝင်တွေလာခေါ်မှပြန်ပါ။ အကြီးတွေလဲ အိမ်တန်းပြန်ကြနော်။ ရေတွေတအားများနေတယ်။ အန္တရာယ်ဖြစ်မဲ့နေရာတွေမှာ ရေမဆော့ကြနဲ့။ ဖိုးလုံး မင်းတို့လမ်းက ရေစီးသန်တယ်နော်။ ညီမလေးတွေသေချာခေါ်သွားနော်"

"ဟုတ်ကဲ့ပါ ဆရာမ"

တကယ်တမ်းကျောင်းကထွက်တော့ အငယ်မလေးနှစ်ယောက် ဘယ်ရောက်သွားမှန်းမသိရတော့ပေ။ ရေတွေဆော့ရင်း အိမ်ပြန်သွားပြီထင်ပါတယ်။ ကျွန်တော်လဲ ကျောပိုးအိတ်ကို ပလတ်စတစ်အိတ်တစ်လုံးနဲ့ပတ်ပြီး အိမ်သို့ မိုးရွာထဲပြန်လာလိုက်တော့တယ်။

(၃)

ကျွန်တော်တို့လမ်းမှာ ရေစီးတအားသန်နေပါပြီ။ ကျွန်တော်တို့ခြံရှေ့မှာတောင် ရေက ရင်ခေါင်းလောက်ရောက်နေခဲ့ပြီဖြစ်တယ်။ ညီမလေးနှစ်ယောက်ကို တအားစိုးရိမ်မိသွားပြီး ခြံဝကနေ အသံကုန်အော်ခေါ်လိုက်တယ်။

"မိနှင်းနဲ့ မိစု အိမ်ပြန်ရောက်ပြီလား"

"ရောက်နေပြီသားရေ အဲဒီမှာခဏနေအုံး။ လွယ်အိတ်ရေမစိုအောင် အဖေလာယူမယ်။ သားက လွတ်လွတ်ခါခါကူးလာပေါ့"

အဖေဟာခြေမသန်ပေမဲ့ ရေကူးကျွမ်းကျင်သူဖြစ်တယ်။ ကျွန်တော်ရှိရာကို တစ်မုဟုတ်ချင်းကူးခပ်လာပါတော့တယ်။

"ပေးပေး လွယ်အိတ် သားသတိနဲ့ကူးနော် ရေစီးတအားသန်နေတယ်"

ကျွန်တော်တို့အိမ်ရဲ့ ကြမ်းပြင်ဟာ မြုပ်လုမြုပ်ခါနီးဖြစ်နေပါပြီ။ ညီမလေးနှစ်ယောက်က အိမ်ရှေ့ ကျွန်တော်အိပ်တဲ့နေရာရှိ ပြတင်းပေါက်နားမှာ ရေပြင်ကိုကြည့်ပြီး ပျော်နေပါတော့တယ်။ အိမ်ပေါ်ရောက်တော့ အဖေက ရေစိုအဝတ်တွေကို အမြန်လဲစေပြီး ကျွန်တော့်ခေါင်းက ရေစိုဆံပင်ကို တဘက်ကြမ်းနဲ့ လာသုတ်ပေးနေတယ်။

"ဒီရေကြီးပုံနဲ့ဆို ပဲဘယ်လိုပြုတ်ရမလဲ ကိုသာမြရယ်"

"မပြုတ်နဲ့ပေါ့ မြရီရယ်။ အစ်ကို မနက်က ဦးဝင်းမောင်တို့အိမ်ရေဝင်နေလို့ သွားကူရွှေ့ပေးတာ။ မုန့်ဖိုး ငါးထောင်ရလာတယ်။ အဲဒီငါးထောင် ဘုရားစင်ပေါ်က စာအုပ်လေးထဲမှာ။ စိတ်ပူမနေနဲ့ ညနေ တကယ်လို့ရေကျသွားရင် မဝေတို့တိုက်ခန်းတွေမှာသွားပြီး ရေကူဆေး၊ သန့်ရှင်းရေးလုပ်ပေးရင် မုန့်ဖိုးရအုံးမှာပါကွာ။ ငါ့သားဖိုးလုံးလဲ ညနေဆန်ဆိုင်သွားမနေနဲ့။ ပြီးတော့ အဖေလေ ညစောင့်အလုပ်လျှောက်ထားတာ လကုန်ရက်လောက်ကျရင်ဆင်းရမှာ။ ငါ့သားလေး ကျူရှင်တက်ဖို့ ငွေစုစရာမလိုတော့ဘူး။ မနက်က ငါ့သားထီးကိုင်းလေးကကျိုးနေတာ အဖေကမသိလို့ လိုက်ပေးတာ။ အခု အဖေပြင်ပေးထားပြီနော်"

အဖေက ကျွန်တော့်ကိုကြည့်ပြီး ပြောနေတာဖြစ်တယ်။ အဖေဟာ အပြင်အလုပ်မလုပ်နိုင်ပေမဲ့ အိမ်ရှိအလုပ်ကို ယောကျ်ားအလုပ်၊ မိန်းမအလုပ်မခွဲခြားဘဲ လုပ်ခဲ့သူပါ။ အမေ့အတွက် ပဲပြုတ်တောင်းကို အဆင်သင့်ဖြစ်စေသူပါ။ ကောင်းကွက်လေးတွေမေ့ပြီး ကျွန်တော် အဖေ့အပေါ်ပြစ်မှားနေမိတာကို စိတ်ထဲမလုံမလဲဖြစ်နေမိတယ်။

"ဟာ ကိုကြီးဖိုးလုံးစုဘူး မိစုလက်နဲ့တိုက်မိပြီး ရေထဲကျသွားပြီ"

မိနှင်းရဲ့ အလန့်တကြားအော်သံကြောင့် လှမ်းကြည့်လိုက်ရာ စုဘူးလေးမှာ ရေထဲမျောပြီး ချောင်းရိုးထဲတောင်ရောက်နေပါပြီ။ အဖေက အလွန်လျင်မြန်သောအရှိန်နဲ့ ခေါင်းရင်းပြတင်းပေါက်မှ ရေထဲခုန်ချလိုက်ပြီး စုဘူးမျောပါရာကို အမီလိုက်ဆယ်နေတယ်။ စုဘူးကို လှမ်းမီသွားပါတယ်။ ခဏချင်းမှာပင် အဖေလဲ ရေအောက်သို့မြုပ်သွားတော့တယ်။ အချိန်တော်တော်ကြာသည်ထိ ပြန်ပေါ်မလာပေ။ ကျွန်တော့်စုဘူးလေးကို ကျွန်တော်မနှမြောပါ။ ကျွန်တော် မုန်းတီးနေသည်ဟုထင်မှတ်ထားသော အဖေ့ကိုသာ နှမြောပါတယ်။

"အဖေ အဖေ အမေရေ ဖေကြီး ပြန်မပေါ်လာတော့ဘူး။ လုပ်ကြပါအုံး ကယ်ကြပါအုံး။ ကျွန်တော့် အဖေကို ကယ်ကြပါဗျို့"

ကျွန်တော်ရဲ့အော်သံဟာ တစ်လမ်းလုံးညံသွားပါတယ်။ ကျွန်တော့်အဖေကို ကျွန်တော်မမုန်းတော့ပါ။ ကျွန်တော် ချစ်ပါတယ်။ ကျွန်တော့်အဖေကိုရှာဖို့ ရေထဲခုန်ချရန်ဟန်ပြင်တော့ အမေက အတင်းဆွဲထားတယ်။ ကျွန်တော် ရှိုက်ကြီးတငင်ငိုကြွေးမိပါတယ်။ အဖေဟာ သူ့ဘဝအနေအထားလေးနဲ့ နိုင်ရာတာဝန်ထမ်းနေတဲ့ အဖေပါ။ ကျွန်တော်စိတ်ကွက်ပြီး မုန်းခဲ့မိဖူးတယ်။ ကျွန်တော့်အဖေသာ ပြန်ရမယ်ဆိုရင် ကျွန်တော် တစ်သက်တာလုံး တန်ဖိုးထားပြီးချစ်တော့မှာပါ။ လူတချို့ ရေကူးပြီးရောက်လာကြတယ်။ ရုတ်ရုတ်သဲသဲဖြစ်နေစဉ်မှာပဲ-

"ငါ့သားကလဲကွာ အဖေက စတာပါ။ အဖေ ဘာမှမဖြစ်ပါဘူး"

အဖေ ခြံဝင်းအတွင်း ရေမျက်နှာပြင်ကနေပြန်ပေါ်လာပါတယ်။ ကျွန်တော် မျက်ရည်တွေကြားကနေ-

"ဟာဗျာ အဖေရာ"လို့ပြောရင်း အိမ်ပေါ်သို့တက်နိုင်ရန် အဖေ့ကို လက်ကမ်းပေးလိုက်ပါတော့တယ်။ ချစ်လှစွာသော ကျွန်တော်ရဲ့အဖေဟာ စုဘူးလေးကို ပိုက်ပြီး ရေစိုစက်လက်မှာ ပြုံးပြီးအိမ်ပေါ်တက်လာပါတော့တယ်။

# သီတင်းကျွတ်ပိတ်ရက်များအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စည်ပင်ဧည့်ရိပ်သာ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် ကြိုတင်စာရင်းသွင်းထားသူများပြားနေ



**ညောင်ဦး အောက်တိုဘာ ၇**

သီတင်းကျွတ်ပိတ်ရက်များအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စည်ပင်ဧည့်ရိပ်သာအပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် ကြိုတင်စာရင်းသွင်းထားသူ များပြားနေကြောင်း မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပုဂံဇုန်) ဥက္ကဋ္ဌ ဦးဇော်ဝိတ်က ပြောပြ၍ သိရသည်။

သီတင်းကျွတ်ပိတ်ရက်များအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်မည့်ဘုရားဖူးပြည်သူများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စည်ပင်ဧည့်ရိပ်သာအပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် တည်းခိုနေထိုင်ရန် ကြိုတင်စာရင်းပေးသွင်းထားရာ ဟိုတယ်တည်းခိုရိပ်သာအားလုံး အခန်းလွတ်မရှိသည့်အခြေအနေတွင်ရှိနေကြောင်း သိရသည်။

"အခု သီတင်းကျွတ်ပိတ်ရက်မှာ လာမဲ့ခရီးသွားဧည့်သည်က များမယ်။ ထူးထူးခြားခြား ဒီနှစ်မှာ ကြိုတင်ပြီး အခန်းယူကြတာ အောက်တိုဘာ ၇ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်ထိကို အပြည့်ပဲ။ ဟိုတယ်တည်းခိုရိပ်သာမိုတယ်၊ စည်ပင်သာယာတည်းခိုရိပ်သာတွေကအစ အကုန်ပြည့်နေပါတယ်။ လက်ရှိ ပုဂံဒေသမှာ ဟိုတယ်တည်းခိုရိပ်သာအလုံး ၆၀ ကျော်ဖွင့်ထားတာ အကုန်ပြည့်နေပါပြီ"မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပုဂံဇုန်) ဥက္ကဋ္ဌ ဦးဇော်ဝိတ်က ပြောပြသည်။

ပုဂံဒေသတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၅၀ ရှိပြီး လက်ရှိတွင် ဟိုတယ်နှင့် တည်းခိုခန်း ၆၀ ကျော် ဖွင့်လှစ်လည်ပတ်နေကာ ဟိုတယ်အများစုမှာ လာရောက်မည့် ခရီးသွားဧည့်သည်များကို ကိုဗစ်ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘေးကင်းလုံခြုံစွာ တည်းခိုနေထိုင်နိုင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

ASH

# အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**အုတ်တွင်း အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပေါက်တောကျေးရွာ၌ Cash For Work စီမံကိန်းရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ပေါက်တောကျေးရွာတွင်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေမြောင်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။



အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု ပေါက်တောကျေးရွာ၌ Cash For Work စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး အရှည် ၂၀၅၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် အရှည်ပေ ၂၉၀၀၊ အကျယ်သုံးပေ၊ အနက် ၂ ဒသမ ၅ ပေရှိသော စိုက်ပျိုးရေမြောင်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို ယခုနှစ် ဇွန်လ ပထမပတ်မှစတင်ပြီး ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညို

# ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် လင်းခေး၊ မိုင်းပန်၊ မောက်မယ်မြို့နယ်ဦးစီးမှူးများ ဒေသဖွံ့ဖြိုးရေးဆိုင်ရာတွေ့ဆုံဆွေးနွေး

**လင်းခေး အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများအတွက် လင်းခေး၊ မိုင်းပန်၊ မောက်မယ်မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၆ ရက် ညနေပိုင်းက လင်းခေးမြို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်က လင်းခေးခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လင်းခေး၊ မိုင်းပန်၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများက ရုံးလုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြမှုအပေါ် ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်၊ လင်းခေး၊ မိုင်းပန်၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများနှင့် အရာထမ်း၊ အမှုထမ်းအပါအဝင် စုစုပေါင်း ၂၄ ဦးတက်ရောက်ကြကြောင်း သိရသည်။

အေးသူ

## တောင်သူအကျိုးများ စက်စွမ်းအား

- မိုးနှောင်းလို့ ဟေမာန်ဝင်
  ယာလယ်ပြင် ကောက်နှံဝင်း၊
  တောင်သူတွေ ဟန်ရေးသွက်
  ရိတ်ကွက်ကိုဆင်း။

- ရွှေဝါရောင် စပါးခင်းမှာလ
  ရိတ်သွင်းကြ ခေတ်မီကာ
  ယန္တရားစုံစွာ၊
  စက်စွမ်းအား ပိုမိုသာ
  အချိန်တိုမှာ စပါးဖြစ်၊
  တောင်သူတွေ အကျိုးများ
  ထွန်းကားစနစ်။

- စက်မှုလယ်ယာ အသွင်သစ်နဲ့
  ယနေ့ခေတ် စိုက်ပျိုးဟန်၊
  ပဲ ပြောင်း ဂျုံသီးညှပ်များ
  ကြီးထွားမြန်ဆန်၊
  နွေ မိုး ဆောင်းရာသီမှန်
  သီးနှံစုံ ပေါ်ကြွယ်ဝ၊
  လယ်ယာခွင် အကျိုးပြု
  စက်မှုကဏ္ဍ။ ။

မောင်ကေတုး(ပညာရေး)

# မင်းလှမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝေလင်းမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက စီမံကိန်းရန်ပုံငွေများကို မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀၈ သိန်း ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဓိုး

## ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# တနင်္ဂနွေနေ့ည ကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ပိုင်းထက်မြက်နေတဲ့ မန်ယူ၊ အတ္တလန်တာ၊ ဘာစီလိုနာအသင်းတို့ကို ရွေးချယ်ရမှာပါ



အခုတစ်ပတ် တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေဟာလဲ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာပါ။ လက်ရှိမှာ အသင်းတိုင်းဟာ ကစားကွက်ပိုင်းအထိုင်ကျလာတာကြောင့် အသင်းငယ်တွေအနေနဲ့လဲ အသင်းကြီးတွေကို ပြန်လည်အနိုင်ယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ လာမဲ့တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးတွေ့ဆုံမှုတွေကိုရှောင်ပြီး မဖြစ်မနေနိုင်ပွဲရှာဖွေရမဲ့ တိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းကြီးတွေကိုပဲ ဆက်လက်ရွေးချယ်သွားမှာဖြစ်ပါတယ်။

## မန်ယူနဲ့လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အဲဗာတန်နဲ့ မန်ယူအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ ဒဏ်ရာရကစားသမားတွေ များပြားနေပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာ ခံစစ်ပိုင်းအားပြုကစားနေတာကြောင့် ရမှတ်တွေစုဆောင်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ခံစစ်ပိုင်းကမင်နာ၊ ဟိုးလ်ဂိတ်၊ ဂေါ့ဖရီ၊ ပတ်တာဆန်တို့ ဒဏ်ရာရရှိနေပေမဲ့လဲ အသစ်ခေါ်ယူထားတဲ့ ကိုအာဒီနဲ့ တာကောစကီးတို့ ခြေစွမ်းပြနိုင်ခဲ့တာကြောင့် ခံစစ်ပိုင်းကျဆင်းသွားတာ မရှိပါဘူး။ ဒါကြောင့် သူတို့အသင်းဟာ ရှစ်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၁) ထိတက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်း တိုက်စစ်ပိုင်းမှာ ကယ်ဘက်လေဝင် ဒဏ်ရာရနေတာကြောင့် အခက်တွေ့နေပြီး အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူး မူပေးဟာလဲ အသင်းကြီးတွေနဲ့ဆို ဂိုးရဖို့ရုန်းကန်နေရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ အဲဗာတန်အသင်းဟာ ဦးစားပေးကစားသမား ခြောက်ဦးထိ ဒဏ်ရာပြဿနာရှိနေလို့ ကစားကွက်ပိုင်းအားနည်းချက်ရှိလာမှာပါ။ ဒ့ါပြင် မန်ယူအသင်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ငါးကြိမ်မှာလဲ အဲဗာတန်အနေနဲ့ အသာရခဲ့တာမရှိပါဘူး။

မန်ယူအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲမှာ မန်စီးတီးအသင်းကို ခြောက်ဂိုးသုံးဂိုးနဲ့ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် ဖိအားအောက်ကျရောက်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် ရှုံးလို့မရသလို မဖြစ်မနေနိုင်ပွဲရှာဖွေရမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ကြားရက်က ကစားခဲ့တဲ့ ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ တိုက်စစ်ပိုင်းမှာ မာရှယ်ကို အနားပေးခဲ့သလို ကွင်းလယ်နဲ့ ခံစစ်ပိုင်းမှာလဲ ကစားသမားအပြောင်းအလဲနဲ့ ကစားခဲ့တာကိုတွေ့ရမှာပါ။ အသစ်ခေါ်ယူထားတဲ့ တောင်ပံကစားသမား အန်တိုနီကလဲ တိုးအားရှန်းအားကောင်းသလို အဝေးကန်ချက်တွေနဲ့ ပြိုင်ဘက်ကို ခြိမ်းခြောက်နိုင်တာကြောင့် အဲဗာတန်အသင်းအနေနဲ့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မလွယ်ကူပါဘူး။ အခုပြိုင်ပွဲမှာတော့ နည်းပြတန်ဟတ်ကတော့ ၄-၂-၃-၁ ကစားကွက်ကို အထိုင်ကျကစားနေပေမဲ့ ကွင်းလယ်ပိုင်းမှာ လူထုတ်ပံ့ မှားယွင်းမှုတွေကြောင့် တိုက်စစ်ပိုင်း ဂိုးရသင့်သလောက် မရခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာတော့ သူတို့အသင်းဟာ ခုနစ်ပွဲအပြီး လေးပွဲနိုင်၊ သုံးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၆)မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်ဟာ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ နိုင်ပွဲရှာမှာဖြစ်လို့ ကစားသမားစုဖွဲ့မှုကောင်းတဲ့ မန်ယူအသင်းနဲ့ပဲ လက်တွဲသွားရမှာပါ။

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | အဲဗာတန် |
| လိဒ် | ၁ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၀ | - | ၀ | လီဗာပူး |
| အဲဗာတန် | ၁ | - | ၀ | ဝက်စ်ဟမ်း |
| ဆောက်သမ်တန် | ၁ | - | ၂ | အဲဗာတန် |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | ၀ | - | ၁ | မန်ယူ |
| မန်ယူ | ၃ | - | ၁ | အဲဗာတန် |
| မန်ယူ | ၀ | - | ၁ | ဆိုစီဒက် |
| ရှရစ် | ၀ | - | ၂ | မန်ယူ |
| မန်စီးတီး | ၆ | - | ၃ | မန်ယူ |

## အတ္တလန်တာကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ အူဒီးနီးစ်နဲ့ အတ္တလန်တာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အူဒီးနီးစ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ အေစီမီလန်အသင်းကလွဲရင် ရှုံးပွဲမရှိခဲ့တာကြောင့် ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၃) ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ တိုက်စစ်မှူး ဘီတိုကတော့ အခုပြိုင်ပွဲမှာ သွင်းဂိုးငါးဂိုးထိသွင်းယူပြီး အသင်းရဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်အနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲ ပွဲတိုင်းဂိုးရရှိခဲ့ပြီး သွင်းဂိုး ၁၃ ဂိုးထိရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ တိုက်စစ်ပိုင်းထက်မြက်တဲ့ အသင်းတွေနဲ့ဆို ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာကိုသတိပြုရမှာပါ။

လက်ရှိ အတ္တလန်တာအသင်းကလဲ ခြေစွမ်းပိုင်းတည်ငြိမ်နေတာကြောင့် စီးရီးအေမှာ ရှုံးပွဲမရှိနဲ့ရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ရှစ်ပွဲကစားအပြီးမှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ရမှတ် ၂၀ နဲ့ အမှတ်ပေးဇယားအဆင့်(၂)မှာ ရောက်ရှိနေသလို အဆင့်(၁)က နာပိုလီနဲ့ ရမှတ်တူနေတာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြ ဂတ်စပါရီနီကတော့ ခြေစွမ်းပိုင်းကောင်းတဲ့ အသင်းတွေနဲ့ဆို ခံစစ်အသားပေးကစားပြီး နိုင်ပွဲရယူတတ်လေ့ရှိတဲ့ နည်းပြလဲဖြစ်ပါတယ်။ လက်ရှိနည်းပြ ဂတ်စပါရီနီရဲ့ တိုက်စစ်ပိုင်းကို လွတ်ခ်မန်းနဲ့ မူရီရယ်တို့ ဦးဆောင်နေပေမဲ့ အဓိကသွင်းဂိုးတွေကိုတော့ ကွင်းလယ်ကစားသမား ကူမင်နာက သွင်းယူပေးနေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အူဒီးနီးစ်အသင်းနဲ့တွေ့ဆုံနေပေမဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ အတ္တလန်တာအသင်းကို ကျော်ဖြတ်နိုင်မှာ မဟုတ်တဲ့အပြင် ကစားသမားစုဖွဲ့မှုမှာလဲ အတ္တလန်တာကပဲ အသာရနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အူဒီးနီးစ်အသင်းရဲ့ နိုင်ပွဲဆက်မှုကို ရပ်တန့်လာမဲ့ အတ္တလန်တာကိုပဲ အားပေးရမှာပါ။

**အူဒီးနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၁ | - | ၀ | ဖီအိုရင်တီးနား |
| အူဒီးနီးစ် | ၄ | - | ၀ | ရိုးမား |
| ဆက်ဆူအိုလို | ၁ | - | ၃ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၃ | - | ၁ | အင်တာ |
| ဗီရိုနာ | ၁ | - | ၂ | အူဒီးနီးစ် |

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၃ | - | ၁ | တိုရီနို |
| မွန်ဇာ | ၀ | - | ၂ | အတ္တလန်တာ |
| အတ္တလန်တာ | ၁ | - | ၁ | ခရီမိုနန်စီ |
| ရိုးမား | ၀ | - | ၁ | အတ္တလန်တာ |
| အတ္တလန်တာ | ၁ | - | ၀ | ဖီအိုရင်တီးနား |

## ဘာစီလိုနာ အနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘာစီလိုနာနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့ချန်ပီယံလိဂ်ပြိုင်ပွဲမှာ မထင်မှတ်ဘဲရှုံးပွဲကြုံခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အင်တာမီလန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပေမဲ့ တန်ပြန်တိုက်စစ်ကနေ မထင်မှတ်ဘဲဂိုးပေးလိုက်ရလို့ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ခုနစ်ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်နဲ့ အမှတ်ပေးဇယားကိုဦးဆောင်နေပြီး ဒုတိယနေရာက ရီးရဲလ်မက်ဒရစ်နဲ့ ရမှတ်တူနေတာကြောင့် အခုပွဲစဉ်ကို အမှားခံလို့မရပါဘူး။ ဒ့ါပြင် ဘာစီလိုနာအသင်းဟာ အခုရာသီမှာ အိမ်ကွင်းမှာကစားခဲ့တဲ့ ပြိုင်ပွဲစုံ သုံးပွဲဆက်နိုင်ပွဲရရှိခဲ့ပြီး တိုက်စစ်ပိုင်းကလဲ သွင်းဂိုး ၁၂ ဂိုးထိသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒ့ါပြင် ဘာစီလိုနာအသင်းဟာ ဆဲလ်တာဗီဂိုနဲ့ နောက်ဆုံးအိမ်ကွင်းတွေ့ဆုံမှုမှာလဲ ဂိုးပြတ်အနိုင်ရခဲ့တာကို တွေ့ရမှာပါ။

လက်ရှိ ဆဲလ်တာဗီဂိုအသင်းဟာ အိမ်ကွင်းကစားပုံကောင်းပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ အားရစရာမရှိပါဘူး။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက်မှာ ဗလင်စီယာကို သုံးဂိုး ဂိုးမရှိ၊ အေတီကိုအသင်းကို လေးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပြီး ခံစစ်ပိုင်းက ကျဆင်းနေတာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ ဆဲလ်တာဗီဂိုအသင်းဟာ ခုနစ်ပွဲအပြီးမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ပဲ ရရှိခဲ့တာကြောင့် အဆင့်(၁၁) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြအနေနဲ့ တိုက်စစ်ပိုင်းမှာ အက်စ်ပက်ကို အားထားနေပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ပုံစံကောင်းပျောက်ဆုံးနေတာကို သတိပြုရမှာပါ။ အက်စ်ပက်အနေနဲ့ အခုပြိုင်ပွဲမှာ သွင်းဂိုးငါးဂိုးထိသွင်းယူထားပေမဲ့ လာမဲ့ပွဲစဉ်မှာ ပွဲထွက်ခွင့်ရဖို့ မသေချာပါဘူး။ သူတို့အသင်းအနေနဲ့ အခုပွဲစဉ်မှာ ဒဏ်ရာရကစားသမားမရှိပေမဲ့ ဘာစီလိုနာအသင်းရဲ့ တိုက်စစ်အတွဲဖြစ်တဲ့ လီဝင်ဒေါစကီး၊ ရာဖင်ဟာ၊ ဒမ်ဘီလီတို့အတွဲကို ပွဲချိန်ပြည့်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းတိုက်စစ်ပိုင်း ထက်မြက်နေတဲ့ ဘာစီလိုနာအသင်းပဲ အနိုင်ရသွားမှာပါ။

**ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | ၀ | - | ၄ | ဘာစီလိုနာ |
| ဘိုင်ယန်မြူးနစ် | ၂ | - | ၀ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၃ | - | ၀ | အယ်ချီ |
| မာယော့ကာ | ၀ | - | ၁ | ဘာစီလိုနာ |
| အင်တာမီလန် | ၁ | - | ၀ | ဘာစီလိုနာ |

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၃ | - | ၀ | ကာဒီဇက် |
| အေတီကို | ၄ | - | ၁ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ၃ | - | ၀ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဘက်တစ် |

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# မိုးညှင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**မိုးညှင်း အောက်တိုဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးလင်း၊ မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းတို့နှင့်အတူ ညောင်ကုန်းကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရေတားတမံနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း၊ သာယာကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြပြီး မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးလင်းက လုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့သည်။

ညောင်ကုန်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရေတားတမံနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ခေတ်ပြိုင်ဇူးကုမ္ပဏီက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ သာယာကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ကချင်ရောကုမ္ပဏီက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၈၅ သန်းဖြင့်လည်းကောင်း ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး



၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း တက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး က ပြောပြ၍ သိရသည်။ **ချစ်ဦးကို**

# ရန်ကုန်တိုင်းဒေသကြီးသို့ စက်တင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ်ရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့



**ပုသိမ် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးသို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီးမှ ဆန်တစ်တင်းခွဲအိတ်ရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့ရှိ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များအဖွဲ့မှ သိရသည်။

ပုသိမ်မြို့ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် စပါးများကိုဝယ်ယူကြိတ်ခွဲပြီးဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ဆန်တစ်တင်းခွဲအိတ်ရေ ၂၈၅၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ဆန်တစ်တင်းခွဲအိတ်ရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီးကနေ ရန်ကုန်တိုင်းဒေသကြီးကို တင်ပို့ရောင်းချနေရတဲ့ ဆန်အမျိုးအစားအများစုကတော့ ရေကြည်ပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ မနောသုခ၊ ထိုင်းဘောကျား၊ ရက် ၉၀၊ မနောသုခ၊ သီးထပ်ရင်၊ နှံကား၊ ရွှေသွယ်ရင်၊ ဧရာမင်း၊ ဆင်းသုခ စတဲ့ဆန်အမျိုးအစားများ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကဆန်ဈေးကွက်က ရန်ကုန်ဈေးကွက်ဖြစ်တယ်။ ရန်ကုန်ဆန်ဈေးကွက်က သိသိသာသာကို အဝယ်သွက်နေတာဖြစ်တယ်။ ရန်ကုန်ဈေးကွက်က ကျွန်တော်တို့ဆီကနေ တင်ပို့နေတဲ့ဆန်တွေကို အခုလိုပဲ အဝယ်သွက်ဖို့အရေးကြီးပါတယ်။ အခုလို အဝယ်သွက်တော့ အားလုံး အဆင်ပြေကြပါတယ်။ စက်တင်ဘာလအတွင်း ဆန်တင်ပို့ရတဲ့နှုန်းဟာ ဩဂုတ်လထက် ပိုများခဲ့ရတယ်။ ရန်ကုန်ဆန်ဈေးကွက်က ဧရာဝတီကဆန်တွေပဲ အများဆုံးဝင်ရောက်နေတာ ဖြစ်ပါတယ်"ဟု ပုသိမ်မြို့ရှိ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များအဖွဲ့ဝင် ဦးကျော်ဇင်ဦးက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၆ ရက်ထိ ဖျာပုံပေါ်ဆန်းဆန်တစ်အိတ်လျှင် ငွေကျပ် ၆၀၅၀၀၊ တောင်ပြန်ဆန် တစ်အိတ်လျှင် ငွေကျပ် ၅၉၅၀၀၊ ထိုင်းဘောကျားဆန် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ မနောသုခဆန်တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ သီးထပ်ရင်တစ်အိတ်လျှင် ငွေကျပ် ၄၀၅၀၀၊ ရက် ၉၀ ဆန်တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၊ နှံကားဆန်တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၊ ရွှေသွယ်ရင်ဆန်တစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၊ ဧရာမင်းဆန်တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ ဆင်းသုခဆန်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀ ဈေးပေါက်နေကြောင်း ပုသိမ်မြို့ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များအဖွဲ့ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# နေပြည်တော်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်စပ်ဦးစီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကျင်းပပြုလုပ်သည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် (၂) ဦးဇေယျာလင်းက အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ခေတ်မီနည်းစနစ်များ အသုံးပြုခြင်းဖြင့် ကျေးရွာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းများနှင့် ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ယခုဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြခဲ့ပြီး အစည်းအဝေး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကာ ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် နေပြည်တော်လုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကိုတင်ပြကြရာ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် (၂) ဦးဇေယျာလင်းက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**












**ပြင်ဦးလွင် မြေကွက်ကျယ် အမြန်ရောင်းမည်**

ပြင်ဦးလွင် အောင်ချမ်းသာ ရွာလယ်ပဟိုချက်မ ၅ လမ်းနှင့် ၆ လမ်းကြား။ ရွာလယ်ဈေးရုံတောင်ဖက်။ မန္တလေး-လားရှိုးလမ်းမကြီးမှ ဆယ်စက္ကန့်မျှသာ ဝင်ရ။ မျက်နှာစာ နှစ်ဖက်ပွင့်၊ ဆိုင်ခန်းပါ။ ရေ၊ မီး အစုံ။ ရွာမြေ စစ်စစ်၊ ပေ ၁၀၀ × ပေ ၁၀၀ ပတ်လည်။ အမြန်ရောင်းမည်။ ဦးရာလူရမည်။ ဖုန်းနံပါတ် - ၀၉-၅၀၀၀၈၇၃၃၊ ၀၉-၅၀၁၅၆၄၇၊ ၀၉-၅၁၅၁၅၇၆၊ ၀၉-၅၁၅၉၁၃၄ သို့ ဆက်သွယ်လိုက်ပါ။

**အများသိစေရန် ကြေညာခြင်း**

စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်၊ အကွက်အမှတ်(၅)။ အကွက်အမည် ပုဏ္ဏားစုကွင်း၊ ဦးပိုင်အမှတ်-(၅/၁)၊ ဧရိယာ(၀. ၀၆၁)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဒေါ်စော
(ခ) အနောက်လားသော် - ဦးထိန်လင်း+ဒေါ်ခင်ခင်
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးကျော်စွာလင်း+ဒေါ်ယုယုလှိုင်

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်မြင့်မြင့်ထွေး** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၂-ခုနှစ်၊ နိုဝင်ဘာလ၊ (၅)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

**ပျောက်ဆုံးကြောင်း**

ဟသ်ာတမြို့နေ စခိုးရှိမ်း (ဘ) ဦးကျော်လွင် (၁၄/ဟသတ(နိုင်)၂၇၆၄၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၄၆၆၃၄၇၀

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့နယ်နေ မထားထားရီ (ဘ) ဦးအိုက်စိန် (၁၃/လရန(နိုင်)၀၂၄၅၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၉၇၈




**ပျောက်ဆုံးကြောင်း**

ဝမ်းတွင်းမြို့နယ်နေ ကျော်ဆန်းသူ (ဘ) ဦးဘုန်းနိုင် (၉/ဝတန(နိုင်)၂၃၉၆၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

ဝမ်းတွင်းမြို့နယ်နေ စိန်ဝင်း (ဘ) ဦးအောင်ကြည် (၉/ဝတန(နိုင်)၁၃၃၂၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

မိုးကုတ်မြို့နေ ထွန်းလင်းနိုင် (ဘ) ဦးထွန်းဦး (၉/မကန(နိုင်)၁၃၉၅၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

သာပေါင်းမြို့နေ ဌေးလှိုင် (ဘ) ဦးလှအေး (၁၄/သပန(နိုင်)၀၈၈၉၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၃၅၄၇၅၄၈

**ပျောက်ဆုံးကြောင်း**

မုဆယ်မြို့နေ အေးစန္ဒာအောင်(ဘ) ဦးသန်းနွယ်အောင် (၁၃/မဆတ(နိုင်)၀၂၈၇၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

မုဆယ်မြို့နေ ဒေါ်ရှိစီ (၁၃/မဆတ(နိုင်)၀၀၁၆၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ဥတုရာသီ**
**တောက်ပမှ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျောင်းသား၊ ကျောင်းသူများအားလုံးကို ပညာသင်ကြားပေးရာတွင် အတန်းအောင်မြင်ရေးထက် အမှန်တကယ်တတ်မြောက်ရေးသင်ကြားပေးရန်လို၊ အတန်းအောင်မြင်သော်လည်း စာတတ်မြောက်ခြင်းမရှိသဖြင့် စဉ်းစားတွေးခေါ်မှုများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့၊ တက္ကသိုလ်ပညာသင်ကြားရေးတွင် တက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့ရပြီးချိန်၌ အတတ်ပညာနှင့်ပတ်သက်သည့် လူမှုရေး၊ ကျွမ်းကျင်မှုပညာရပ်များကို အသုံးချနိုင်ရမည်ဖြစ်၊ လူတစ်ဦးချင်း တတ်မြောက်သည့်ပညာရပ်များကို အသုံးချနိုင်မှုသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတတိယနေ့၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)**

၁၀-၈-၂၀၂၂

# ရခိုင်ပြည်နယ်၏အမ်းရိုးမတောင်တန်းမှ သဘာဝအလှများဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နေ



ဆောင်းရာသီတွင် ရခိုင်ပြည်နယ် အမ်းမြို့၏ သဘာဝအလှကို တွေ့မြင်ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၇**

ရခိုင်ပြည်နယ်တွင် မြောက်ဦးယဉ်ကျေးမှုနယ်မြေမှ ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိသည့်နည်းတူ ရခိုင်ပြည်နယ်၏ သဘာဝအလှများစုဝေးရာ ရခိုင်ရိုးမတောင်တန်းကြီးပေါ်ရှိ အမ်းတောင်တန်းမှ သဘာဝအလှများကလည်း ခရီးသွားများကို ဆွဲဆောင်လျက်ရှိကြောင်း ရခိုင်ပြည်နယ်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

တောင်စဉ်တောင်တန်းများ သွယ်တန်းလျက်ရှိသည့် ရခိုင်ရိုးမတောင်တန်းသည် မြောက်ဘက်တွင် ထူထပ်မြင့်မားပြီး တောင်ဘက်သို့ နိမ့်ဆင်းသွားရာ ရခိုင်ပြည်နယ်နှင့် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကို မဟာတံတိုင်းကြီးတစ်ခုပမာ ပိုင်းခြားထားသည်။ ရခိုင်ပြည်နယ်တွင် အမြင့်ဆုံးတောင်မှာ ၆၅၂၇ ပေရှိသော စွန်တောင်ဖြစ်ပြီး အမ်းမြို့နယ်တွင် တောတောင်ပေါများ၍ မြင့်မားမတ်စောက်သောကြောင့် တောတောင်သဘာဝအလှတို့တွင်

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

## Yangon Water Bus ခရီးစဉ် ပြေးဆွဲပေးနေပြီး ရန်ကုန်မြစ်အတွင်း ဆည်းဆာကြည့်ခရီးစဉ်နှင့် တွံတေးခရီးစဉ်များပြေးဆွဲပေးမည်

စာမျက်နှာ - ၃

## ရေဝတီတိုင်းဒေသကြီးသို့ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေ ၅၂၃၀၀၀ ကျော် ဝင်ရောက်

စာမျက်နှာ - ၅

## သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ မီးရှူးမီးပန်းများ ပစ်ဖောက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့) ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ ည ၇ နာရီမှစ၍ FIREWORK အမျိုးအစား မီးရှူးမီးပန်းများကို ပစ်ဖောက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါမီးရှူးမီးပန်းပစ်ဖောက်မှုများကို အများပြည်သူများအနေဖြင့် လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွဲနိုင်ပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကကြီးမှူး၍ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်ကို မန္တလေးမြို့တော် ရတနာပုံဥယျာဉ်အရှေ့ဘက်ခြမ်း (၆၆ လမ်း၊ ၂၆ လမ်း× ၁၂ လမ်း)နေရာ၌ သီတင်းကျွတ်လပြည့်နေ့(အကြို)ညနှင့် လပြည့်နေ့ညတို့တွင် အောက်ပါအစီအစဉ်အတိုင်း စတုဒိသာအကျွေးအမွေးများဖြင့် ညွှဲခံ၍ တေးဂီတ၊အကအလှများဖြင့် ညွှဲခံဖျော်ဖြေကျင်းပမည်ဖြစ်ပါသဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၃ □